ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (17-9-2007) (၅၄၄၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်များ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ပရိဝုဏ်အတွင်းရှိ သဏ္ဍာသုခဓမ္မာရုံကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးတို့ ကြွရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

အာဆီယံချန်ပီယံ မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် တွေ့ဆုံခြင်း။

စာမျက်နှာ−၁၁

အင်တာနက် နည်းပညာသတင်း



ဗော်လ်ဗိုကားကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော ယာဉ်မောင်းသူ အိပ်ငိုက်ပါက သတိပေးမည့်ကိရိယာကို တွေ့ရစဉ်။
(ဓာတ်ပုံ−အင်တာနက်)

အိပ်ငိုက်မှု သတိပေးရေးကိရိယာ ဗော်လ်ဗိုကားများတွင် တပ်ဆင်မည်

အော့စလို စက်တင်ဘာ ၁၆

ဆွီဒင်နိုင်ငံရှိ ဗော်လ်ဗို မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် မော်တော်ယာဉ်မောင်းများအား အိပ်ငိုက်မှုမှ သတိပေးနိုင်သည့် စနစ်တစ်ရပ်ကို တီထွင်နိုင်ပြီဖြစ်ရာ ကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများ၌ တပ်ဆင်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ယနေ့ ဖော်ပြသည်။

ဗော်လ်ဗိုကားမောင်းနှင်သူသည် ပင်ပန်းနွမ်းနယ်ခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းရှိလာချိန်တွင် ယာဉ်တိုက်မှုမဖြစ်ပေါ်စေရန် ကြိုတင်သတိပေးစနစ်ဖြင့် တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၇-၉-၂၀၀၇
(တနင်္လာနေ့)

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်

နိုင်ငံတကာပြိုင်ပွဲများ၌ဆက်လက်အောင်မြင်မှုရရေးကြိုးပမ်း

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် တတိယအကြိမ်အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းက ထိုင်းလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းကို အနိုင်ရဗိုလ်စွဲပြီး အာဆီယံတံခွန် စိုက်ဆုကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခဲ့သည်။

ပထမအကြိမ် အာဆီယံတံခွန်စိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲ ကို ဗီယက်နမ်နိုင်ငံ၌ ၂၀၀၅ ခုနှစ်က ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက အိမ်ရှင်ဗီယက်နမ်လက် ရွေးစင်အမျိုးသမီး အသင်းကို အနိုင်ရဗိုလ်စွဲခဲ့သည်။

ယခုကျင်းပခဲ့သည့်တတိယအကြိမ်အာဆီယံတံခွန်စိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တွင် ကမ္ဘောဒီးယားနှင့်ဘရူနိုင်းအသင်းတို့မှအပ ကျန် အာဆီယံနိုင်ငံအသင်းများဖြစ်သည့်မြန်မာ၊ဗီယက်နမ်၊ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူနှင့် ဖိလစ်ပိုင်စုစုပေါင်းရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များမှသည် ဗိုလ်လုပွဲအထိ စုစုပေါင်း ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ရှုံးပွဲ၊ သရေပွဲ မရှိဘဲ ပွဲစဉ်အားလုံးအနိုင်ရခဲ့ပြီး တံခွန်စိုက်ဆုကြီးရရှိခဲ့ခြင်းမှာ ထူးခြားသော စွမ်းဆောင်အောင်မြင်မှုပင်ဖြစ်သည်။

ယင်းသို့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ နိုင်ငံတော်၏အားပေးပံ့ပိုးမှု၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ကြီးကြပ်ဖြည့်ဆည်းပေးမှု၊ မြန်မာအမျိုးသမီးအသင်းတွင် ပါဝင်ကြသည့် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့နှင့် ဘောလုံးသမားများ၏ စုစည်းညီညွတ်သည့်စည်းလုံးမှုအင်အားတို့ကြောင့်ပင်ဖြစ်သည်။ ထို့ပြင် ကွင်းလုံးပြည့် လာရောက်ကြည့်ရှုကြသည့် ပရိသတ်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအမျိုးသမီးဘောလုံးသမားများ၏ ကြံ့ခိုင်သောစိတ်ဓာတ်၊ အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်တို့ကြောင့်လည်း အာဆီယံတံခွန်စိုက်ဆုဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးရရှိကာ "မြန်မာနိုင်ငံပြီ၊ ဒို့မြန်မာနိုင်ငံပြီ"တေးသီချင်းသံ အားပေးသူပရိသတ်များအကြား ပျံ့လွင့်ခဲ့ရသည်။

အားကစားအောင်နိုင်ခြင်းသည်နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကိုမြှင့်တင်ခြင်းပင်ဖြစ်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှုအစဉ်အလာကို ထိန်းသိမ်းရင်း နိုင်ငံတကာပြိုင်ပွဲများ၌ အောင်ပွဲရယူကာ နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ပိဋကတ်သုံးပုံ မိခင်ကြီး ဒေါ်ခင်နွဲ့ (အထကသုဝဏ္ဏ)အားရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ကောက်လျှင်၂ လမ်းနေ ခင်ပွန်း ဦးသောင်းမြင့်၊ မြေး မသိမ့်ဝေမာထွန်းတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးလက္ခဏ ရှေ့မှောက်၌ တာဝန်ခံ သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိဂီရိတနာခမ္မာရုံ အမှတ်-၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်ခင်မေအား ရည်စူး၍ ဦးလှရီ မိသားစု (ကေကေခိုင်ဇာဘော်လီ၊ မင်္ဂလာဈေး)က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရင့်မှည့်လာသော ပထမစပါးများကို ခေတ်မီစက်များဖြင့် ရိတ်သိမ်းခြွေလှေ့ မြန်မြန်အခြောက်ခံ၊ မြန်မြန်အမိုးအကာအောက်သို့ ရောက်ရှိရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းအတွင်း ဒေသဝမ်းစာဆန်စပါး ဖူလုံပိုလျှံစေရေးအတွက် မြို့နယ်အသီးသီး၌ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ဖြစ်သည့် တစ်မိုးနှစ်သီးစပါးများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တစ်မိုးနှစ်သီး ပထမစပါး ရိတ်သိမ်းခြင်းနှင့် ဒုတိယစပါး စိုက်ပျိုးထွန်ယက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ လယ်သမားကြီး ဦးလှဝင်း၏တစ်မိုးနှစ်သီးစံပြလေးဧက စိုက်ကွင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ Computer Application Room, Computer Aided Instruction Room နှင့် Language Lab များ အတွင်း၌ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ လယ်သမားကြီး ဦးသန်းဝင်း၏ တစ်မိုးနှစ်သီး စံပြ ကိုးဧက စိုက်ကွင်းသို့ရောက်ရှိလာပြီး လယ်ကွက်အတွင်း ပထမစပါး ရင့်မှည့်ဖြစ်ထွန်းနေမှုနှင့် ဒုတိယစပါး ပျိုးထောင်ထားမှုတို့ကို ကြည့်ရှုအားပေး၍ ဆက်လက်ထွက်ခွာလာရာ ထန်းတပင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ လယ်သမားကြီး ဦးထွန်းလှစိန်၏ တစ်မိုးနှစ်သီးစံပြ ငါးဧက စိုက်ကွင်းသို့ရောက်ရှိပြီး ရိတ်သိမ်းပြီး ပထမစပါးကို ပြည်တွင်းမှထုတ်လုပ်သော တစ်နာရီလျှင် တင်း ၄၀ ခြွေလှေ့နိုင်သည့် ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုနှင့် ဒုတိယစပါးကို ခေတ်မီလယ်ယာ-၁၆ လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Computer Application Room, Computer Aided Instruction Room နှင့် Language Lab များ အတွင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ လယ်သမားကြီး ဦးလှဝင်း၏ တစ်မိုးနှစ်သီးစံပြလေးဧက စိုက်ကွင်းသို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာနိုအောင်နှင့် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်တို့က ရန်ကုန်တိုင်းအတွင်းနှင့် ထန်းတပင်မြို့နယ်အတွင်း တစ်မိုးနှစ်သီး စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လယ်ကွက်အတွင်း ပထမစပါးကို AMR 994 ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းနေမှု၊ အလွယ်တကူ ပေါ့ပါးစွာ ရွှေ့ပြောင်းသယ်ဆောင်နိုင်ပြီး တစ်နာရီလျှင် တင်း ၁၀၀ ခန့် ခြွေလှေ့နိုင်သည့် VPT-5 ခြွေလှေ့စက်ဖြင့် စပါးများကို ခြွေလှေ့နေမှု၊ AMD စက်ဖြင့် အခြောက်ခံနေမှု၊ ပလတ်စတစ်ကြိုးတို့ဖြင့် ပြုလုပ်ထားသော သဘာဝနေရောင်သုံး စပါးအခြောက်လှန်းရုံဖြင့် အခြောက်ခံမှု၊ ကောက်ရိုး၊ နွားချေးတို့ဖြင့်ရောစပ်၍ သဘာဝသစ်ရွက်ဆွေးမြေဩဇာပြုလုပ်နေမှု၊ ဒုတိယစပါးကို လယ်ယာ ၁၆၊ လယ်ယာ၂၂ လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် ထူးလေးစုကျေးရွာ လယ်သူမကြီး ဒေါ်ခွန်ရှောင်၏ တစ်မိုးနှစ်သီး အထူးအထွက်တိုးစပါးတစ်ဧကစံပြစိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ဇုန် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ၊ အမှုဆောင်အဖွဲ့ ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာနေဇင်လတ်တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ကာ အမှာစကားပြောကြားသည်။

နှစ်ပတ်လည်အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ၊ အသင်းဝင်ဟိုတယ်များမှ တာဝန်ရှိသူများတက်ရောက်ကြ၍ အမှုဆောင်ဟောင်းများနုတ်ထွက်ကြပြီး အလုပ်အမှုဆောင်သစ်အဖွဲ့သစ်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးမောင်မောင်(အာရှပလာဇာ)နှင့် အတွင်းရေးမှူး ဦးတင်ဝင်း(စင်ထရယ်ဟိုတယ်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးကို ရွေးချယ်ပေးလိုက်သည်။ ထို့နောက် ဥက္ကဋ္ဌသစ် ဦးမောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)**

(ဟိုတယ်လုပ်ငန်းရှင်အသင်း)

✻ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဝေဠုဝန်စာသင်တိုက် နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာနနာယက ဆရာတော်အား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ မြေနီကုန်း ဒဂုံစင်တာမိသားစု၊ မုန်ချိုဆေးတိုက်၊ ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ထွန်းရွှေဝါဆေးတိုက်၊ မဥ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်း၊ စမ်းချောင်းမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း (တော်ဝင်မိသားစုကုမ္ပဏီ)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးလှမြင့် မိသားစု (ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီဂိ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ) တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမျိုးဆွေ-ဒေါ်ချိုချိုဝင်း၊ ဦးခင်မောင်သိန်း-ဒေါ်ခင်မြင့်မြင့်(ဆီဆုံလမ်း)က ငွေကျပ် ၄၈၂၅၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် (Asia Express)က ငွေကျပ် လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေးကုမ္ပဏီ)က ငွေကျပ် ၂၀၆၀၀၀၊ စမ်းချောင်းမြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၂၀၃၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း-သီရိသုဓမ္မသီဂိ ဒေါ်ငွေငွေညွန့် (BTB ကုမ္ပဏီ)၊ ဂမုန်းပွင့်ကုန်တိုက် (စမ်းချောင်း)၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဒေါက်တာအေးကျော် (ကျော် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်း၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမမိသားစု)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)နှင့် မိခင်ကြီး ဒေါ်သန်းရီ၊ ဦးခင်မောင်ဖော်-ဒေါ်အေးအေးမင်း မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးစိန်ထွေး- ဒေါ်ဆုစန္ဒာဟုတ် (ဂင်ဇာလှဆောက်လုပ်ရေး)၊ ဦးငြိမ်းမောင်-ဒေါ်ခင်ရွှေ (ဒိုင်းနမိုက်ဆောက်လုပ်ရေး)၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ရှိုင်းဟုတ်ကုမ္ပဏီတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီဟသုဓမ္မသီဂိ ဒေါ်မြသိန်း၊ (သား) ဦးရန်ရှင်းမိသားစု (ယူနိုက်တက်ဝင်းနား အင်တာနေရှင်နယ်ကုမ္ပဏီ)၊ အာရုတော်ဝင် အထူးကုဆေးခန်း (စမ်းချောင်းမြို့နယ်)၊ ဒေါ်သန်းနု (ဒေါ်နု အလှူပစ္စည်းမျိုးစုံ အငှားဌာန)နှင့် ဦးငြိမ်း-သီရိသုဓမ္မသီဂိ ဒေါ်အုန်းကျင် (အိုကေ ပဲမျိုးစုံရောင်းဝယ်ရေး)တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဦးလှမြင့်(ဒဂုံ)-ဒေါ်မြင့်သန်းငွေ မိသားစု (မြေတောင်ရပ်ကွက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဒေါ်မျိုးမျိုးခိုင် (Ki Ki Myanmar Media)၊ စမ်းချောင်းမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးသန်းအောင်-ဒေါ်သင်းသင်းစန်း (ပြည်သူ့ကွက်သစ်၊ ၁ လမ်း)၊ ခရမ်းဦးချစ်တင်-ဒေါ်လှကြည်မိသားစု (ပြည်လမ်း)၊ ဦးကျော်သူ-ဒေါ်မော်မော်တင်မိသားစု (ဓမ္မိကဝတီလမ်း)၊ ဦးစံမောင်-ဒေါ်ကြည်မိသားစု (ပန်းတနော်လမ်း)၊ စမ်းချောင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ ဦးဝကြီး-ဒေါ်တင်စန်း (ထိပ်တန်းဆေးခန်း)၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးချုသန်း-ဒေါ်ဝင်းကြည်မိသားစု (မြန်မာ့မြေလတ်သား ပို့ဆောင်ရေးလီမိတက်)၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်) နှင့် ဒေါ်လှလှ(လမ်းမတော်မြို့နယ်)တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေစုစုပေါင်း ငွေကျပ် ၈၃၃၇၅၀၀ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၂၁ အိတ် ခြောက်ပြည်၊ ဆီ ၉၄၇ ပိဿာ၊ အိုင်အိုဒင်းဆားပိဿာ ၁၅၇၀၊ သွားတိုက်ဆားဘူး ၃၁၄ ဘူး၊ ဆေးမျိုးစုံ ၄၆၉၅ ဘူး၊ ပဲ ၃၁၄ ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၄၅၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်းကျပ် ၈၃၃၇၅၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် မြင်တော်သာလမ်း ဇိနမာရ်အောင် ဘုရား ပရိဝုဏ်အတွင်းရှိ ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သာသနာ့အလင်းရောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပဓာနနာယက ဆရာတော်အား သက်န်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ စန္ဒီပရဆေးမိသားစု၊ ထွန်းရွှေဝါဆေးတိုက်၊ အာရှကြီးပွားတိုး တက်ရေးကုမ္ပဏီ၊ မဥ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်၊ သာကေတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၂၉၀၀၀၀ စီ၊ ဦးသိန်းဝင်း-သီဟသုဓမ္မသီဂိ ဒေါက်တာရီရီနွယ်မိသားစုက ငွေကျပ် သိန်း ၂၀၊ အောင်မော်စံ သာသနာပြုအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဒေါ်ခင်ရီက ငွေကျပ် ၁၂ သိန်း၊ ဦးလှထွန်း-ဒေါ်ခင်ရီ၊ ဦးထွန်းရင်ဦး-ဒေါ်သန်းသန်းရီ၊ ဦးကြွက်-ဒေါ်စိုးမြင့်၊ ဦးကြည်-ဒေါ်ခင်တင့်၊ ဦးသန်းဝင်း-ဒေါ်လွင်လွင်ချိုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကျင်ဇုက်-ဒေါ်တင်အေး၊ ဦးတင်မောင်သန့်-ဒေါ်ဝါဝါခိုင်၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်-ဒေါ်လှလှမော်နှင့် ဦးတင်စိုးလင်းမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ထေရဝါဒ ဗုဒ္ဓဘာသာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး) မိသားစုက ငွေကျပ် ၃၀၇၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Co., Ltd.)၊ ကွယ်လွန်သူဖခင်ကြီး ဗိုလ်မှူးမင်းအောင် (OTS ဗိုလ်သင်တန်းအပတ်စဉ်-၁၀) (လွှတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်) နှင့် မိခင်ကြီး ဒေါ်ခင်ပြုံးရီတို့အားရည်စူး၍ ဦးမျိုးမင်းမင်းစိုး-ဒေါ်အိကေသွယ်မင်း (ပုဇွန်တောင်)၊ ဦးထိန်ဝင်း-ဒေါ်ဆွေဆွေအိ၊ သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ သာကေတမြို့နယ် မော်တော်ယာဉ်ထုတ်လုပ်သူများ၊ ဒေါ်ထားထားနွယ် စီ(၉) ယမုံနာရိပ်မွန်အိမ်ရာ လမုတန်းရပ်ကွက်၊ ဦးစောမောင်-ဒေါ်ခင်အိ (၁၀၊ သီရိရတနာလမ်း၊ ဝါဆိုဒေါပုံ)၊ ဦးမူတူး (၃၂၁) အောင်မေတ္တာလမ်း ဇေယျာသီရိရပ်ကွက် ဒေါပုံမြို့နယ်၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း၊ ဒေါ်နန္ဒာအောင်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးကျင်ဦး (ပေါ်ပြူလာ ပလတ်စတစ်နှင့် ယပ်တောင်)က ငွေကျပ် ၂၅၀၀၀၀၊ သာကေတမြို့နယ်ရှိ ဓမ္မာရုံများက ငွေကျပ် ၂၁၀၀၀၀၊ ဒေါပုံမြို့နယ် ဆီကုန်သည် များအသင်း၊ Golden Flower ကုမ္ပဏီ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-သီရိသုဓမ္မသီဂိ ဒေါ်ခင်ချိုအုန်း၊ ဦးပြုံးနိုင်-ဒေါ်သင်းသင်းအေး (ပုလဲရတနာလမ်း)၊ ဦးအောင်မြင့်-ဒေါ်တင်ရီ (နဝဒေးလမ်း)၊ ဦးမြင့်စန်း-ဒေါ်တင်တင်ဝေ(နဝဒေးလမ်း)၊ ဦးအောင်သိန်းထွဋ် (မင်းနန္ဒာလမ်း)၊ ပုသိမ်မြေရပ်ကွက်မိသားစုနှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းတို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၃၃၆၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ် လှငွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးပဲ နှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာကေတမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပါဠိကာရီစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၅၇ အိတ်၊ ဆီ ၁၆၃၁ ပိဿာ ၂၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၇၁၂ ပိဿာ၊ သွားတိုက်ဆား ၅၄၂ ဘူး၊ ဆေးမျိုးစုံ ၁၀၈၄ဘူး၊ ပဲ၅၄၂ပိဿာ၊ ငရုတ်သီးမှုန့် ၄၅၀ ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်းငွေကျပ် ၂၃၃၆၅၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

● အိပ်ငိုက်မှုမှ

ယာဉ်မောင်းများ အိပ်ငိုက်မှု သတိပေးရေးစနစ်ကို Driver Alert Control ကိရိယာဟူ၍ ခေါ်သည်။ ယာဉ်မောင်းများ အိပ်ငိုက်မှု သတိပေးရေးကိရိယာကို မော်တော်ကားများတွင် တပ်ဆင်ခြင်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် စက်တင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသော နိုင်ငံတကာ မော်တော်ကားပြပွဲ၌ ယင်းကိရိယာကို ပြသထားသည်။

ယခုနှစ် နှောင်းပိုင်းတွင် စတင်ထုတ်လုပ်မည့် ဗော်လ်ဗိုကားအမျိုးအစားသစ်များတွင် အဆိုပါကိရိယာကို တပ်ဆင်သွားမည်ဖြစ်သည်။ ***အင်တာနက်။***

ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၈) ရပ်ကွက်တွင် စက်တင်ဘာ ၁၂ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးသည့် အခမ်းအနားကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဗိုလ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်စဉ်။

(လူဝင်မှုကြီးကြပ်ရေး)



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အာကာသအေဂျင်စီ ၌ လေ့ကျင့်နေသည့် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အမျိုးသမီးအာကာသယာဉ်မှူးကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်သောက်မှု တိုက်ဖျက်ရေး လာအိုတွင် ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်

ဟန္နိုင်း စက်တင်ဘာ ၁၆

လာအိုနိုင်ငံ၌ ဆေးရွက်ကြီးနှင့် ယင်းမှ ထုတ်လုပ်သည့် ဆေးလိပ်၊ ဆေးတံဆေးသုံးစွဲမှုတိုက်ဖျက်ရေးဥပဒေမူကြမ်း တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ကြောင်း သောကြာနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးအန္တရာယ်များနှင့် စပ်လျဉ်း၍ ပညာပေးရေး၊ ဆေးလိပ်မသောက်ရနယ်မြေများ တိုးချဲ့သတ်မှတ်ရေးနှင့် ဆေးလိပ်သောက်သူဦးရေ လျှော့နည်းရေးတို့ကို ဦးတည်ခဲ့သည်။

လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးရွက်ကြီးနှင့် ယင်းမှ ထုတ်လုပ်သည့် ဆေးလိပ်၊ ဆေးတံဆေးသုံးစွဲမှု တိုက်ဖျက်ရေးဥပဒေမူကြမ်း တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ယင်းမှာ ဆေးလိပ်သောက်ခြင်းကို ထိန်းချုပ်ရာတွင် အရေးပါသည့် လုပ်ငန်းစဉ်အဆင့်တစ်ဆင့်ဖြစ်ကြောင်း ဗီယန်ကျင်းတိုင်းသတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

ပညာပေးရေးစီမံကိန်း

ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးအန္တရာယ်များနှင့် စပ်လျဉ်း၍ ပညာပေးရေးစီမံကိန်းတစ်ရပ်ချမှတ်ထားပြီးဖြစ်သည်။ ဆေးလိပ်မသောက်ရ လုပ်ငန်းခွင်နေရာများ တိုးချဲ့သတ်မှတ်ရေးအစီအစဉ်ကိုလည်း အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းအရ ဆေးလိပ်သောက်သူဦးရေ၏ ၆၆ ဒသမ ၇ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြောင်း၊ ဆေးလိပ်သောက်သူဦးရေမှာ လူဦးရေအားလုံး၏ ၄၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားငလျင် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူ

ဘန်ကူလူ စက်တင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ငလျင်လှုပ်ခဲ့ပြီးနောက် အဆောက်အအုံများ ပျက်စီးရမှု အခြေအနေနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဌာနက စာရင်းကောက်ယူလျက်ရှိကြောင်း စက်တင်ဘာ ၁၅ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဘန်ကူလူမြို့တွင် ငလျင်လှုပ်မှုကြောင့် အိမ် ၁၅၇၆ လုံး ပျက်စီးခဲ့ရကြောင်း၊ ဘန်ကူလူမြို့ ဥတ္တရာရပ်ကွက်တွင် အိမ် ၁၄၆၂လုံး၊ ဘန်ကူလူမြို့တော်တွင် အိမ် ၁၀၉ လုံးနှင့် ဆီလူမာမြို့တွင် အိမ်ငါးလုံးပျက်စီးခဲ့ကြောင်း အဆိုပါ ဌာနက ပြောကြားသည်။

ရစ်ချ်တာစကေး ၇ဒသမ၉အဆင့်ရှိ ငလျင်ကြောင့် ဘန်ကူလူမြို့တော်နှင့် ဘန်ကူလူမြို့ ဥတ္တရာရပ်ကွက်တွင် ဘုရားရှိခိုးကျောင်း ၁၂ ကျောင်း ပျက်စီးသည်။

ဘန်ကူလူမြို့တော်တွင် တံတားတစ်စင်းနှင့် လမ်းသုံးလမ်း၊ ဘန်ကူလူ ဥတ္တရာရပ်ကွက်တွင် တံတားကိုးစင်း ပျက်စီးခဲ့သည်။

အင်အင်အေ၊ဆင်ဟွာ။

ပေကျင်းအိုလံပစ်ပွဲတော် လုံခြုံရေး နိုင်ငံတကာရဲတပ်ဖွဲ့ ကူညီမည်

ပေကျင်း စက်တင်ဘာ ၁၅

တရုတ်နိုင်ငံတွင် လာမည့်နှစ်၌ ကျင်းပမည့် ပေကျင်းအိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် အထောက်အကူပေးနိုင်ရန် နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို)က ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပေးမည်ဖြစ်ကြောင်း အင်တာပို အထက်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

အင်တာပို အထောက်အကူပေးရေးအဖွဲ့သည် အကြမ်းဖက်သမားများနှင့် ပတ်သက်နေသော အမည်နာမများ၊ လက်ဗွေပုံစံများ၊ ဓာတ်ပုံများနှင့် ဒီအင်န်အေ ဖွဲ့စည်းပုံများကို တရုတ်ရဲတပ်ဖွဲ့ထံ ပံ့ပိုးပေးမည်ဖြစ်ကြောင်း အင်တာပို အတွင်းရေးမှူးချုပ် ရော်နယ်လ်ဒိုဗဲလ်က ပြောကြားသည်။

အင်တာနက်။

ပင်လယ်နက်တွင် နစ်မြုပ်နေသော သင်္ဘောမှ ၃၁ဦးကို ကယ်တင်

အန်ကာရာ စက်တင်ဘာ ၁၅

တူရကီနိုင်ငံ တရပ်ဆွန်မြို့ကမ်းရိုးတန်းမှ ၃၉မိုင်ခန့်အကွာ ပင်လယ်နက်ရေပြင်တွင် နစ်မြုပ်နေသော ကုန်သင်္ဘောမှ ၃၁ ဦးကို ကယ်တင်ပေးလိုက်ကြောင်း တူရကီနိုင်ငံ တရပ်ဆွန်မြို့ ဒုတိယအုပ်ချုပ်ရေးမှူး မာမက်အိုစမန်က ပြောကြားသည်။

— မောင်းနှင် —

ပနားမားမှတ်ပုံတင် ဆန်နီဒေးအမည်ရှိ ကုန်သင်္ဘောသည် ကုန်တင်ယာဉ် ၂၈စင်းကို တင်ဆောင်လာစဉ် စက်တင်ဘာ ၁၄ရက် ညနေ ၃နာရီ ၂၂မိနစ်တွင် မုန်တိုင်းမိ၍ နစ်မြုပ်ခဲ့ကြောင်း၊ ၎င်းသင်္ဘောသည် တူရကီနိုင်ငံအရှေ့မြောက်ပိုင်း တရပ်ဆွန်မြို့မှ ရုရှားနိုင်ငံ ဆိုချီဆိပ်ကမ်းသို့ ခုတ်မောင်းလာခဲ့ကြောင်း အိုစမန်က အနာတိုလီးယားသတင်းဌာနသို့ ပြောကြားသည်။

၎င်းသင်္ဘောတွင် သင်္ဘောသား ၂၀နှင့် ကုန်တင်ယာဉ်မောင်း ၁၁ဦးပါရှိကြောင်း၊ ၂၁ဦးကို ရဟတ်ယာဉ်ဖြင့်လည်းကောင်း၊ ၁၀ ဦးကို ကယ်ဆယ်ရေးသင်္ဘောဖြင့်လည်းကောင်း ကယ်တင်ပေးခဲ့ကြောင်း အိုစမန်ကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကိုင်ဖန်းဘူတာရုံ၌ ကျည်ဆန်ရထားတစ်စင်းကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မျိုးသုဉ်းလုဆဲ ရှားပါးလိပ်ကြီးတစ်မျိုး လာအို၌ တွေ့ရှိ

ဟန္နိုင်း စက်တင်ဘာ ၁၅

မျိုးသုဉ်း ပျောက်ကွယ်တော့မည့် ရှားပါးလိပ်ကြီးတစ်မျိုးကို လာအိုနိုင်ငံ အတ္တာပူနှင့် ဇီကောင်ပြည်နယ်တို့တွင် တွေ့ရှိရကြောင်း လာအိုနိုင်ငံဗီယန်ကျင်းတိုင်းသတင်းစာက စက်တင်ဘာ ၁၄ ရက်တွင် ဖော်ပြသည်။

အပျော့စား

ထိုလိပ်မျိုး၏ သိပ္ပံအခေါ်အဝေါ်မှာ ပယ်ချီလေးခ်ကင်တိုရီ (Pelpcheleys Cantorii) ဟူ၍ဖြစ်ပြီး ယင်း၏ အခွံမှာ အခြားလိပ်များကဲ့သို့ မမာဘဲ အခွံပျော့ဖြစ်သည်။ တစ်နှစ်လျှင် နှစ်ကြိမ် ဥအများအပြား ဥချသော လိပ်မျိုးလည်းဖြစ်သည်။ မုဆိုး များက ထိုလိပ်များကို ဖမ်းယူ၍ ရောင်းဝယ်မှုများပြုလုပ်ကြသည့်အတွက် ယခုအခါ ယင်းလိပ်မျိုးသည် မျိုးသုဉ်းတော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

တွေ့ရှိ

ယင်းလိပ်မျိုးများသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၌လည်းတွေ့ရသည်။ သို့သော် ယခုအခါ ထိုနိုင်ငံတွင် အဆိုပါ လိပ်မျိုးများမှာ ပျောက်လုနီးပါးဖြစ်နေပြီဖြစ်သည်။ မကြာသေးမီအချိန်က ကမ္ဘောဒီးယားနိုင်ငံ၌လည်း ယင်းလိပ်မျိုးများကို တွေ့ရှိကြောင်း သတင်းများအရ သိရသည်။ ထိုလိပ်မျိုးသည် ပျမ်းမျှအားဖြင့် တစ်ကောင်လျှင် ၁၁ ကီလို အလေးချိန်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဘီနိုအာ ဆိပ်ကမ်းရှိ ရေလုပ်သားများ၏ လုပ်ငန်းခွင် တစ်နေရာကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်-အိုင်အေအီးအေနျူကလီးယား သဘောတူညီချက် သံတမန်ရေးအရ ဖြေရှင်းနိုင်မည့်လမ်းစဟု တရုတ်အစိုးရပြောကြား

ပေကျင်း စက်တင်ဘာ ၁၅

အီရန်နိုင်ငံနှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)တို့ သဘောတူညီခဲ့သည့် နျူကလီးယား အစီအစဉ်သည် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို သံတမန်ရေးအရ ဖြေရှင်းနိုင်စေမည့် လမ်းစပင်ဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။ အီရန်နှင့် အိုင်အေအီးအေတို့သည် ဩဂုတ် ၂၁ရက်က လုပ်ငန်းအစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ သဘောတူညီချက်ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ အီရန်နိုင်ငံသည် နျူကလီးယား လှုပ်ရှားမှုများနှင့် ပတ်သက်၍ အိုင်အေအီးအေ၏ မေးမြန်းမှုများကို ဖြေကြားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အီရန်နိုင်ငံသည် ယူရေနီယံ သန့်စင်သည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည်ဖြစ်သည်။

အမေရိကန်နှင့် ယင်းနိုင်ငံ၏ဥရောပ မဟာမိတ်နိုင်ငံများကမူ အဆိုပါ သဘောတူညီချက်ကို လက်ခံခြင်းမရှိပေ။ အီရန်နိုင်ငံသည် ကုလသမဂ္ဂက လုံခြုံရေးကောင်စီ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးခြင်းမရှိဘဲ အချိန်ဆွဲသည့် အနေဖြင့် အိုင်အေအီးအေနှင့် သဘောတူညီမှုရယူခြင်းသာဖြစ်ကြောင်း ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။***အင်တာနက်။***

ဘရာဇီးနိုင်ငံ ပါရာပြည်နယ်ရှိ သစ်ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက် ရုရှားနှင့်အင်ဒိုနီးရှား လက်မှတ်ရေးထိုး

ဂျကာတာ စက်တင်ဘာ ၁၅

ရုရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးလိုက်ကြောင်း စက်တင်ဘာ ၁၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချေးဖျက်မည်

ယင်းသဘောတူညီချက်အရ အင်ဒိုနီးရှားနိုင်ငံသည် ရုရှားထံမှ စစ်ရဟတ်ယာဉ်များ၊ သံချပ်ကာ ကားများနှင့် ရေငုပ်သင်္ဘောများ ဝယ်ယူမည်ဖြစ်သည်။ ရုရှားနှင့် အင်ဒိုနီးရှား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာရေးရာများတွင် အမေရိကန်၏ စိုးမိုးမှုကို ချေဖျက်နိုင်ရန် ဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နှစ်နိုင်ငံကာကွယ်ရေးဆက်ဆံမှု မြှင့်တင်နိုင်ရန် မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။ သမ္မတပူတင်၏ ခရီးစဉ်အတွင်း ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ ယာဉ်များ ဝယ်ယူနိုင်ရန် အင်ဒိုနီးရှားအစိုးရအဖွဲ့အား အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ချေးငွေ ထုတ်ပေးမည်ဖြစ်သည်။ ယင်းချေးငွေကိုလာမည့် ၁၅ နှစ်တာကာလအတွင်း ပေးဆပ်ရမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ရုရှားထံမှ သံချပ်ကာကားအစီး ၂၀၊ ရဟတ်ယာဉ် ၁၅ စင်းနှင့် ကီလိုကလပ်စ် အမျိုးအစား ရေငုပ်သင်္ဘောနှစ်စင်းတို့ကို ဝယ်ယူမည်ဖြစ်သည်။

အင်တာနက်။

ဘဂ္ဂဒက်၌ဗုံးပေါက်ကွဲ ၁၀ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ ရဲစစ်ဆေးရေးဂိတ်အနီးတွင်စက်တင်ဘာ ၁၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ ရှီးယိုက်စစ်သွေးကြွများ ကြီးစိုးရာ အမီးလ်ခရိုင်ရှိ ရဲစစ်ဆေးရေးဂိတ်အနီးတွင် ကားဗုံးပေါက်ကွဲ ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

အီရတ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် လုံခြုံရေးဆောင်ရွက်ခဲ့ပြီး သေကျေဒဏ်ရာရသူများကို ဘေးကင်းရာသို့ အလျင်အမြန် ပြောင်း ရွှေ့ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိကမှ ခိုးဝင်သူ ၅၆ဦး သေဆုံးခဲ့

ဂျီနီဗာ စက်တင်ဘာ ၁၅

အာဖရိကတိုက်သား တရားမဝင်ခိုးဝင်သူ ၅၆ ဦးသည် စက်တင်ဘာလ စောစောပိုင်းက ဒေင်ပင်လယ်ကွေ့ကိုဖြတ်၍ ဆိုမာလီနိုင်ငံမှ ယီမင်နိုင်ငံသို့ သွားရောက်ရန် ကြိုးပမ်းစဉ် သေဆုံးခဲ့ကြရကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာရ်)က စက်တင်ဘာ ၁၄ ရက်က ပြောကြားသည်။

စက်တင်ဘာ ၃ ရက်က မော်တော်ဘုတ် ၁၂ စင်းဖြင့် ဆိုမာလီ၊ အီသီယိုပီးယားနှင့် အခြားနိုင်ငံသား ၉၂၅ဦး တင်ဆောင်ပြီး ဒေင်ပင်လယ်ကွေ့ကို ဖြတ်ကာ ယီမင်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း၊ ယီမင်နိုင်ငံသို့ရောက်ရှိလာသူများ ပြောပြချက်အရ ခိုးဝင်သူသုံးဦးမှာ လူမှောင်ခိုသမားများ၏ ရိုက်နှက်မှုကြောင့် လည်းကောင်း၊ ၁၁ ဦးမှာ မော်တော်ဘုတ်၏ ဝမ်းဗိုက်အတွင်း စုပြုံထားရှိခြင်းကြောင့် အသက်ရှူ မွန်းကျပ်၍လည်းကောင်း၊ ၁၀ဦးမှာ ကမ်းလွန်ဒေသတွင် ရေနစ်ခြင်းကြောင့် လည်းကောင်း သေဆုံးခဲ့ရသည်ဟု သိရကြောင်း ယူအင်အိပ်ချ်စီအာရ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှင့် ကြုံတွေ့နိုင် ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း သတိပေး

ဝါရှင်တန် စက်တင်ဘာ ၁၅

လာမည့်နှစ်များအတွင်း၌ အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းကို ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအတွင်း ထိန်းသိမ်းထားမည်ဆိုလျှင် ဘဏ်တိုးနှုန်းကို ခုဂဏန်းမှ ဆယ်ဂဏန်းထိ တိုးမြှင့်သတ်မှတ်ရန် လိုအပ်ကြောင်း အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း အလန်ဂရင်းစပန်က သတိပေးပြောကြားကြောင်း ဝေါစထရိဒ် စီးပွားရေးဂျာနယ်၌ ဖော်ပြထားသည်။

ထို့ပြင် ဗဟိုအစိုးရအနေဖြင့် ဘဏ်တိုးနှုန်း တိုးမြှင့်သတ်မှတ်သည့် ကိစ္စကို မဆောင်ရွက်နိုင်ပါက လာမည့် ၂၀၃၀ ပြည့်နှစ်အတွင်း၌ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း၊ ဆက်လက်ဖော်ပြထားသည်။

ဝေဖန်

ဘုရှ်အစိုးရသည် ခိုင်မာသည့် စီးပွားရေးမူဝါဒများကို လိုက်နာလုပ်ဆောင်ခြင်းမပြုဘဲ နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များကို ဦးစားပေးကာ လုပ်ဆောင်ခဲ့သည့်အတွက် ဂရင်းစပန်က အစိုးရအဖွဲ့ကို ဝေဖန်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။





ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပသည့် မော်တော်ကားပြပွဲတွင် ပြသထားသော ကားတစ်စီးကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျားဖြူ

စင်ကာပူနိုင်ငံ တိရစ္ဆာန်ဥယျာဉ်၌ ပြသထားသော ကျားဖြူတစ်ကောင်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယလေတပ်မှ အမောင်းသင်လေယာဉ် ပျက်ကျ

နယူးဒေလီ စက်တင်ဘာ ၁၅

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့အနီးတွင် စစ်ဘက် အမောင်းသင် လေယာဉ်တစ်စင်း ပျက်ကျသဖြင့် လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့ သေဆုံးကြောင်း အိန္ဒိယ သတင်းဌာန (ပီတီအိုင်)က သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ယင်းသို့ လေယာဉ်ပျက်ကျရာတွင် အုပ်စုခေါင်းဆောင် အသက် ၃၃ နှစ်ရှိ ဘာဂက်နှင့် လေ့ကျင့်ရေးသင်တန်းသား တွဲဖက်လေယာဉ်မှူး အသက် ၂၆ နှစ်ရှိ ပါသီတို့ သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါလက်စတိုင်းပစ်မှတ်များကို အစ္စရေးတိုက်ခိုက်

ဂါဇာစီးတီး စက်တင်ဘာ ၁၅

ပါလက်စတိုင်း လက်နက်ကိုင်များသည် ရာမာဒန်လအတွင်း အစ္စရေးနိုင်ငံတွင်းသို့ ဒုံးလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းမည်မဟုတ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ထားသည်ဟုဆိုသည်။ ထိုသို့သောအချိန်မှာပင် အစ္စရေးတပ်ဖွဲ့မှ လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းလက်နက်ကိုင်များ လိုက်ပါလာသည့် ကားတစ်စီးကို စက်တင်ဘာ ၁၃ ရက်က သွား၍တိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်းလက်နက်ကိုင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ ထိုလေကြောင်းမှ တိုက်ခိုက်မှုမဖြစ်မီ နှစ်ရက်အလိုက ဂါဇာဘက်မှ ဒုံးကျည်များဖြင့် ပစ်ခတ်သည့်အတွက် အစ္စရေးတပ်ဖွဲ့ လေ့ကျင့်ရေးစခန်းမှ တပ်ဖွဲ့ဝင် ၃၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းလုပ်ရပ်သည် ၎င်းတို့လက်ချက်ဖြစ်ကြောင်း ပါလက်စတိုင်းလက်နက်ကိုင်များက ထုတ်ဖော်ကြေညာခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

နီပေါအလယ်ပိုင်းတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ခတ္တမန္ဒူ စက်တင်ဘာ ၁၅

နီပေါနိုင်ငံအလယ်ပိုင်းတွင် ပိုလီယိုအကြောသေရောဂါပိုးကို ကလေးတစ်ဦး၌ တွေ့ရှိရပြီးနောက် ကလေး ၈၅ ဦးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း နိုင်ငံပိုင် အာရ်အက်စ်အက်စ်သတင်းဌာနက စက်တင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ခတ္တမန္ဒူမြို့မြောက်ဘက် ကီလိုမီတာ ၃၀ အကွာ အော့ခ်ဟာပါဝါကျေးရွာတွင် အသက် နှစ်နှစ်အရွယ်ကလေးတစ်ဦး ပိုလီယိုရောဂါ ဖြစ်ပွားသဖြင့် ခတ္တမန္ဒူမြို့ရှိ ကန္တီကလေးဆေးရုံသို့ တင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဌာနက ပြောကြားသည်။ ယင်းဒေသတွင် ပိုလီယိုရောဂါပြန့်ပွားမှုကို ကာကွယ်ရန်အတွက် အခြားကလေးငယ်များကိုပါ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မီးသတ်အဆောက်အအုံနှင့်ယာဉ်များ ဖွဲ့စည်းတည်ဆောက်ပြုပြင်ရာတွင် ဒေသစည်ပင်ဖွံ့ဖြိုးမှုနှင့် လူနေသိပ်သည်းမှုကိုသုံးသပ်၍ စီစဉ်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြည်နယ်နှင့်တိုင်းအလိုက် မီးသတ်ဦးစီးဌာန၏ မီးသတ်အဆောက်အအုံနှင့် မီးသတ်ယာဉ်များ အခြေအနေ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်နှင့်တိုင်းအလိုက် မီးသတ်အဆောက်အအုံနှင့် ယာဉ်များ ဖွဲ့စည်းတည်ဆောက်ပြုပြင်ရာတွင် ဒေသစည်ပင်ဖွံ့ဖြိုးမှုနှင့် လူနေသိပ်သည်းမှုအခြေအနေများကို သုံးသပ်၍ စနစ်တကျ စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်ချမှတ်၍ လုပ်ငန်းအဆင့်အလိုက်၊ ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ မီးသတ်စခန်းများနှင့် ပတ်ဝန်းကျင်တို့ သန့်ရှင်းသပ်ရပ်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆောင်ရွက်ကြရန်နှင့် မိမိဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များ အောင်မြင်ရေး၊ ခေတ်မီသော မီးသတ်တပ်ဖွဲ့ဖြစ်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် မီးသတ်ဦးစီးဌာန(ရုံးချုပ်) အလုပ်ရုံဌာနသို့ သွားရောက်၍ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာများ တီထွင်ဆောင်ရွက်လျက်ရှိသည့် တစ်လုံးထိုးနှင့် နှစ်လုံးထိုး အင်ဂျင်တပ်ထော်လာဂျီ မီးသတ်ယာဉ်နှင့် တီအီးမီးငြိမ်းသတ်ယာဉ် တည်ဆောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ (၅)ယူနစ် နှစ်ထပ် အဆင့်မြင့်မီးသတ်စခန်း တည်ဆောက်ရေး စီမံကိန်း (ဘုရင့်နောင် မီးသတ်စခန်း)သို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ကြရေးကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ ခေတ်မီ(၅)ယူနစ် နှစ်ထပ် အဆင့်မြင့် မီးသတ်စခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်း
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် စက်တင်ဘာ ၁၄ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သရက်ခရိုင်နှင့် သရက်၊ အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ယင်းသို့ တွေ့ဆုံရာတွင် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေ ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရေး၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာ ထက်မြက်ရေးနှင့် လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက်ပိုမိုပါဝင် လုပ်ကိုင်ကြရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အထွေထွေ အတွင်းရေးမှူး အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အောင်လံမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံး၌ သရက်ခရိုင်နှင့် သရက်၊ အောင်လံ၊ ဆင်ပေါင်ဝဲမြို့နယ် တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် အဖွဲ့ဝင်များ၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စု စည်းရုံးရေးမှူး များအား အမှာစကား ပြောကြား စဉ်။

(အမှတ်-၁၊ လျှပ်စစ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၇ (တနင်္လာနေ့)

AM/PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ကံ၊ ကံ၏အကြောင်းအကျိုးရှင်းပြပုံ ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော် (မုံလယ်တောရဆရာတော်ဘဒ္ဒန္တ သံဝရ)
၇း၄၅-၁း၄၅	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှု ပန်းပုပညာ
၈း၀၀-၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅-၂း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	အားလုံးအတွက်ပြန်လာတဲ့ ဒေဝူး
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	နောက်မကျရအောင်(မင်းသူ၊မိုးပြည့်ပြည့်မောင်)(ဒါရိုက်တာ-ကြည်စိုး)
၉း၂၀-၃း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ဦးကျော်ညွှန့်(အငြိမ်းစား)အပြည်ပြည်ဆိုင်ရာ ရေကြောင်း ဥပဒေ ပါမောက္ခနှင့်တွေ့ဆုံခြင်း]
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ဒေသထွက်ကုန်စားစရာ ရေတာရှည်မြို့က ဝက်အူချောင်းပါ
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (အဝလွန်ခြင်းရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအမေးအဖြေများ)
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	မြစ်သာတံတား
၁၁း၀၀-၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅-၅း၀၅	ခေတ်မီစတိုင်ကျ၊ ရယ်ဒီမိတ်အထည်လှလှ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (အပိုင်း-၁) (တော်ဝင်ခမ်းနားပတ္တမြား)
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	ပီတိ၏ကြည်နူးမှုပုံရိပ်များ
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ဦးနှောက်အကျိတ်ရောဂါအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာအောင်ကျော်၊ ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Derby-Newcastle	ESPN(Live)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် စက်တင်ဘာ ၁၆

ဦးမျိုးဝင်းသည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားပေါင်းလောင်းဂေါက်ကွင်း၌ စက်တင်ဘာ ၁၆ရက် ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)၌ (၁၃၃) ကိုက်အကွာမှ Nike No.1 ဘောလုံးကို Ping LST/PW တုတ်ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်ဦးခင်မောင်အေး၊ ဦးမြင့်နွယ်၊ ဦးသိန်းတို့နှင့် အတူကစားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီဝင်အဖြစ် ဆက်လက်ပါဝင်ထမ်းဆောင်လိုခြင်းမရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၁၈ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမင်းအောင်၊ ဦးခင်မောင်ကြီး၊ ဦးမြမောင်၊ ဦးထွန်းမြင့်၊ ဦးမြင့်သိန်း၊ ဦးကျော်ဆန်းဦး၊ ဦးတိုက်ရ၊ ဒေါ်ခင်မြ၊ ဦးသောင်းတင်နှင့် ဦးမောင်မောင်တို့အပါအဝင် ပါတီဝင် ၁၈ဦးတို့သည် စက်တင်ဘာ ၅ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်းနုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကိုပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီဝင်အဖြစ် ဆက်လက်ပါဝင်ထမ်းဆောင်လိုခြင်းမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

➪ **ကျောဖုံးမှ**

ထို့နောက် အိုလံပစ်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်သန်းက မြစ်ကျော်တာဝါတိုင်များ ရေရှည်တည်တံ့နေစေရေးနှင့် တာဝါတိုင်အောက်ခြေအား ရေတိုက်စားမှု နည်းပါးစေရေးအတွက် ဒီဇိုင်းအင်ဂျင်နီယာများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ရှင်းလင်းတင်ပြမှုများအပေါ် တာဝါတိုင် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်ပြီး စနစ်တကျ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ယခု မြစ်ကျော်တာဝါတိုင်စီမံကိန်းများသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဖြန့်ဖြူးပေးနိုင်မှုများအတွက် အသက်သွေးကြောပမာ အရေးကြီးသော စီမံကိန်းလုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အပင်ပန်းခံကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြစ်ကျော်တာဝါတိုင်အခြေအနေ၊ မြစ်ကမ်းပါး ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ယာဉ်၊ စက်ယန္တရားများ အသုံးပြု၍ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှုနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများအား ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဦးတို့က ဗိုလ်မြတ်ထွန်းတံတား အောက်ခြေတိုင်များ ခိုင်ခံ့တည်မြဲနေစေရန်နှင့် မြစ်ရေစီးကြောင်း ပြောင်းလဲသွားစေရန်အတွက် ရေရှည်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ညောင်တုန်းဘက်ကမ်းကပ်တိုင် ကြံ့ခိုင်မှုအတွက် ရေရှည်အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် ညောင်တုန်းဘက်ကမ်းတံတားတိုင်အမှတ် (P-17) အနီးတစ်ဝိုက် ရေတိုက်စားမှုအန္တရာယ်ကင်းဝေးစေရေး၊ ရေကာတာကွန်ကရစ် တည်ဆောက်ထားရှိမှု၊ ဧရာဝတီမြစ် ရေနက်စီးကြောင်းပြောင်းလဲ၍ ပုံမှန်စီးဆင်းနေမှုနှင့် တံတားကြီးနှင့် အောက်ခြေတိုင်များ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

❍ **ရောဝတီမှ**

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မုံရွာမြို့၌ ၁၀၂၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၄စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက် အရ ညောင်ဦးမြို့၌ ၂၁၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်၂၁၂၈ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက်၆နာရီခွဲတိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၆စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ၇၅၀အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၀ ၆။ မြန်မာစာ မြန်မာစကား
၅:၂၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၅ ၉။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား/အမျိုးသမီး)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ်၊လှကမ္ဘာဝယ်
၇:၀၀ ၁၃။ **"နှစ်မြွာနတ်မိမယ်" (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော်ကျော်)**
၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်း "ချစ်သောရွှေနေခြည်" (အပိုင်း-၁၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း-၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို သံဖြူဇရပ်မြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၀၇)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

စက်တင်ဘာလ၏ မိုးရေချိန်စံချိန်သစ်များ ထုတ်ပြန်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်ချက်)

၂၀၀၇ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့ မြန်မာစံတော်ချိန် နံနက်၉နာရီခွဲအချိန်တွင် အောက်ဖော်ပြပါစခန်းများ၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	သိမ်ဇရပ်	၂၅၅	၁၀.၀၄	၁၈၅	၇.၂၈	၂၄-၉-၁၉၉၆	၄၂
၂	စစ်ကိုင်း	၁၃၁	၅.၁၆	၁၀၅	၄.၁၃	၆-၉-၁၉၉၈	၄၁
၃	တံတားဦး (လေဆိပ်)	၁၂၇	၅.၀၀	၁၁၇	၄.၆၁	၂၃-၉-၂၀၀၃	၁၃

အင်တာနက်သတင်း

ဖူးခက်လေဆိပ်တွင် လေယာဉ်ပြေးလမ်းချော် ခရီးသည် ၈၀ကျော် သေဆုံးဖွယ်ရှိ

ဖူးခက် စက်တင်ဘာ ၁၆

ထိုင်းနိုင်ငံတောင်ပိုင်း ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းတည်ရှိရာ ဖူးခက်ကျွန်းရှိလေဆိပ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၈၀ကျော် သေဆုံးဖွယ်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဘာနားမားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံမှ ဝမ်း-တူး-ဂိုး (One-Two-Go) လေကြောင်းဌာနပိုင် အမ်ဒီ-၈၀အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ဖူးခက် နိုင်ငံတကာလေဆိပ်တွင် ဆင်းသက်စဉ်လမ်းချော်ပြီး ကိုယ်ထည်နှစ်ပိုင်းပြတ်သွားကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ လေယာဉ်ဆင်းသက်ချိန်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်မှူးမှာ မြင်ကွင်း မသဲမကွဲဖြစ်ခဲ့ဖွယ်ရှိကြောင်း ဖူးခက် ကျွန်း ဒုတိယအုပ်ချုပ်ရေးမှူး ရာသာ ဆီမာကပြောကြားသည်။

ယင်းလေယာဉ်သည် ဗန်ကောက်ရှိ ဒွန်မောင်း နိုင်ငံတကာလေဆိပ်မှ ပျံသန်းလာခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၄၀တွင် ဖူးခက်လေဆိပ်၌ဆင်းသက်ခဲ့သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၂၃ဦးနှင့် လေယာဉ်ဝန်ထမ်း ငါးဦးပါရှိသည်။

ခရီးသည် ၂၀ခန့်မှာ လေယာဉ်အပျက်အစီးများကြားမှ တိုးထွက်လာခဲ့ကြကြောင်း၊ လေယာဉ်ပေါ်ပါသူ ၉၀ရာခိုင်နှုန်းအထိ သေဆုံးနိုင်ဖွယ်ရှိကြောင်း ရာသာဆီမာက ပြောကြားသည်။ **(ထိုင်းကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်သတင်းအရ ၈၇ဦး သေဆုံးပြီး ၄၃ဦး ဒဏ်ရာရသည်ဟု သိရသည်။)**

အင်တာနက်။

စက်တင်ဘာ ၁၆ရက်က ထိုင်းနိုင်ငံ ဖူးခက်ကျွန်း နိုင်ငံတကာလေဆိပ်တွင် ပြေးလမ်းချော်ကာ မီးလောင်နေသည့် ခရီးသည်တင်လေယာဉ်တစ်စင်းကို မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီတာမင်အေဆေးလုံး တိုက်ကျွေး

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ်အရ ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ယမုံနာ (၂)ရပ်ကွက်တွင် အသက်(၆)လမှ (၅)နှစ်အရွယ် ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးလုံးများကို ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆေးတိုက်ကျွေးစဉ်။

(မြို့နယ်ပြန်/ဆက်)

စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုကို ပရိသတ်အားပေးမှုနှင့် ပေါင်းစပ်၍

အနိုင်ယူအောင်ပွဲခံခဲ့သော ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်း

ကိုထွေး

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင် ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စုပတ်လည် အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု(က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်သည်။ အုပ်စု(ခ)တွင် အိမ်ရှင် မြန်မာအသင်း၊ ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့် လာအိုအသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ အုပ်စု နောက်ဆုံးပွဲစဉ်များကို

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ၌ ကွင်းလုံးပြည့် လာရောက်အားပေးကြသော ဘောလုံးပရိသတ်ကြီးကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ညနေ ၃နာရီခွဲတွင် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု(က)ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲနိုင်ကိုးမှတ်ဖြင့် ပထမ၊ မလေးရှားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရရှိသည်။ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

အုပ်စု(ခ) ပွဲစဉ်များ အပြီးတွင် မြန်မာအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသည်။ လာအိုအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ စင်ကာပူအသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမအကြိုဗိုလ်လုပွဲစဉ်၌ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ တတိယနေရာလုပွဲတွင် ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းက မလေးရှား အမျိုးသမီးဘောလုံးအသင်းကို

ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယဆု ရရှိသွားသည်။ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းသည် အသန့်ရှင်းဆုံးအသင်းဆုကိုလည်း ရရှိသွားသည်။

ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေ၊ အချိန်ပို မိနစ် ၃၀ တွင် တစ်ဂိုးစီ သရေဖြစ်နေ၍ ပယ်နယ်တီ ငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ပယ်နယ်တီကန်သွင်းကြရာတွင် မြန်မာအသင်းက လေးဂိုးဝင်ပြီး ထိုင်းအသင်းက တစ်ဂိုးသာဝင်၍ ပဉ္စမမြောက် ပယ်နယ်တီ ကန်သွင်းစရာ မလိုတော့ဘဲ မြန်မာအသင်းက စုစုပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ယခုပြိုင်ပွဲ၌ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြကစားနိုင်သည်နှင့်အမျှ ပရိသတ်များ၏အားပေးမှုကလည်း တစ်ပွဲထက်တစ်ပွဲ ပိုမိုများပြားလာခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲစဉ်ဆိုလျှင် သုဝဏ္ဏကွင်း တစ်ကွင်းလုံး ပြည့်လျှံခဲ့သည်။ ပရိသတ်များ၏ အားပေးမှုမှာ စိတ်လှုပ်ရှားဖွယ်အတိဖြစ်ခဲ့ပြီး မြန်မာအသင်း ဂိုးသွင်းယူလိုက်ချိန်တွင် "မြန်မာ-မြန်မာ"ဆိုသော အသံများ မစဲအောင်ဖြစ်နေပြီး နိုင်ငံတော်အလံများ တစ်ကွင်းလုံး ဖုံးလွှမ်းနေခဲ့သည်။

ပထမအကြိမ် အာဆီယံဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက အိမ်ရှင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီးဗိုလ်စွဲခဲ့သည်။ ဒုတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ပင် ကျင်းပခဲ့ရာ အိမ်ရှင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း အနိုင်ရ ဗိုလ်စွဲခဲ့သည်။

တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်း ဗိုလ်စွဲနိုင်ခြင်းဖြစ်၍ ဒုတိယအကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်ပြီး တစ်ကျော့ပြန် ဗိုလ်စွဲခြင်းဟုလည်း ဆိုနိုင်ပေသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပထမအကြိမ် ဗိုလ်စွဲစဉ်က ဗီယက်နမ်မြေ၌ အိမ်ရှင်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ် ဗိုလ်စွဲသည်မှာ မိမိမြေ၌ ထိုင်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ဗိုလ်စွဲသည့်နှစ်ကြိမ်စလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းကိုကြည့်လျှင် လွယ်လွယ်ကူကူ ဆုဖလားရခဲ့ခြင်း မဟုတ်သည်ကို သိနိုင်ပေသည်။

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းရှိ နိုင်ငံများမှ လက်ရွေးစင်အမျိုးသမီးဘောလုံး

ထိုင်းအသင်း၏တိုက်စစ်ကို မြန်မာအသင်းမှ စန်းယုနိုင်နှင့် နောက်ခံလူများ ကာကွယ်ဖျက်ထုတ်ကြစဉ်။
ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ဤနေရာတွင် မြန်မာတို့အောင်ပွဲ... သုံးသပ်ကြည့်လျှင် မြန်မာတို့၏မျိုးချ... စိတ်ဓာတ်ရေးရာကြံ့ခိုင်ပြီး မည်သည့်အ... အောင်ပွဲစခန်း၊ အောင်မြေနန်းသို့ မဖြစ်... အောင်စိတ်ဓာတ်ဖြင့် ချီတက်နိုင်မှုတို့... တွေ့ရမည်ဖြစ်သည်။

ထို့ပြင် ပါဝင်ယှဉ်ပြိုင်ကြသူ အား... ပရိသတ်ပြည်သူ တို့၏ ဟန်ချက်ညီညီ... တို့ကြောင့်လည်း အဆိုပါအောင်ပွဲကို... ရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်... အင်အား၏ အကျိုးရလဒ်ဟု ဆိုနိုင်...

ထို့ကြောင့် မျိုးချစ်စိတ်ဓာတ် ရ... ကြံ့ခိုင်ပြီး အခက်အခဲမှန်သမျှ ကျော်လွှား... စည်းလုံးညီညွတ်ခြင်းအားကောင်းမှုတို့... တိုင်ထင်ရှားကျော်ကြားခဲ့ရသည့် အာဆီ... ဆုကို မြန်မာတို့ ထိုက်ထိုက်တန်တန် ရ... ဖော်ညွှန်း မော်ကွန်းတင်ရမည်ဖြစ်ပေ...

မြန်မာနိုင်ငံ အမျိုးသမီးအားကစ... အောင်ပွဲရ မြန်မာအမျိုးသမီးအသင်း...

မြန်မာအမျိုးသမီးဘောလုံးအသ... ဆုဖလားကြီးကို လွယ်လင့်တကူဖြင့်... ကစားခဲ့သည့် ပွဲစဉ်များက သက်သေ... နှစ်ကျော့နှစ်လီအနိုင်ယူခဲ့သော ထိုင်းအ... တစ်ဦးချင်းဘောလုံးပညာ ကျွမ်းကျင်မှု... မြောက်စွာ ကစားနိုင်မှုတွင် ပြိုင်ပွဲဝင်အ... ပေါ်လွင်နေသည်။ မြန်မာအသင်းသည်... အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ... ကစားကွက်နှင့် တစ်ဦးချင်း ဘောလုံ... သုံးသပ်ခဲ့ကြသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတ... ဆိုလျှင် ထိုင်းအသင်း၏ ခြေစွမ်းထက်... မြန်မာအသင်း ဗိုလ်စွဲပါ့မလားဟု ဒွိဟ... မြန်မာအမျိုးသမီးအသင်း၏ စိတ်ဓာ...

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ တစ်ရပ်၌ တစ်ဦးချင်း ဘောလုံးပညာ ကျွမ်းကျင်မှုနှင့် နည်းစနစ် ကျွမ်းကျင်မှုတို့ဖြင့်သာ ဗိုလ်စွဲနိုင်မည်မဟုတ်ဘဲ စိတ်ဓာတ်ရေးရာ မြင့်မားမှုနှင့် စည်းလုံးညီညွတ်မှုရှိရန်လည်း အရေးကြီးကြောင်းကို မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲက သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ စိတ်ဓာတ်ရေးရာမြင့်မားမှု၊ ကြိုးစားအားထုတ်မှုနှင့် တည်ငြိမ်စွာ ကစားနိုင်မှုတို့သည် ဂုဏ်ယူချီးကျူးဖွယ်ရာပင် ဖြစ်သည်။

မြန်မာပရိသတ်တို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အားပေးမှု အမျိုးသားရေးအားမာန်များသည်လည်း အောင်မြင်မှုပန်းတိုင်သို့ လှမ်းချီရာ၌ ခွန်အားတစ်ရပ်ဖြစ်ကြောင်း ထင်ရှားခဲ့ချေပြီ။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အားကစား သမားများအား အာဆီယံ ဆုဖလားကြီးရယူအပြီး တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဤနေရာတွင် မြန်မာတို့အောင်ပွဲရရှိခြင်းအကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှု၊ စိတ်ဓာတ်ရေးရာကြံ့ခိုင်ပြီး မည်သည့်အခက်အခဲကို ကြုံတွေ့ရစေကာမူ **အောင်ပွဲစခန်း၊ အောင်မြေနန်းသို့ မဖြစ်မနေအရောက်လှမ်းမည်ဟူသော အောင်စိတ်ဓာတ်ဖြင့် ချီတက်နိုင်မှုတို့ကြောင့်ဖြစ်ကြောင်း အထင်အရှားတွေ့ရမည်ဖြစ်သည်။**

ထို့ပြင် **ပါဝင်ယှဉ်ပြိုင်ကြသူ အားကစားသမားများနှင့် အားပေးသူပရိသတ်ပြည်သူတို့၏ ဟန်ချက်ညီညီ အပြန်အလှန် အားပေးကူညီမှုတို့ကြောင့်လည်း အဆိုပါအောင်ပွဲကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ညွှန်းဆိုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် စည်းလုံးညီညွတ်မှုအင်အား၏ အကျိုးရလဒ်ဟု ဆိုနိုင်ပေသည်။**

ထို့ကြောင့် **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှု၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ရမည် ဟူသော ဖွဲ့စိတ်ခိုင်မာမှု၊ စည်းလုံးညီညွတ်ခြင်းအားကောင်းမှုတို့ကြောင့် ယခုကဲ့သို့ ကမ္ဘာသို့တိုင်ထင်ရှားကျော်ကြားခဲ့ရသည့် အာဆီယံ အမျိုးသမီးဘောလုံးချန်ပီယံဆုကို မြန်မာတို့ ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းဖော်ညွှန်း မော်ကွန်းတင်ရမည်ဖြစ်ပေသည်။**

အနိုင်ရ ဗိုလ်စွဲအပြီး အောင်ပွဲခံနေသော အာဆီယံချန်ပီယံ မြန်မာအမျိုးသမီးအသင်း။

ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရ မြန်မာအမျိုးသမီးအသင်းနှင့်အတူ အောင်ပွဲခံစဉ်။

ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာဆီယံ ချန်ပီယံဆုဖလားကြီးကို လွယ်လင့်တကူဖြင့် ရရှိခြင်းမဟုတ်သည်ကို ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များက သက်သေခံနေပေသည်။ မြန်မာအသင်းနှစ်ကျော့နှစ်လီအနိုင်ယူခဲ့သော ထိုင်းအမျိုးသမီးဘောလုံးအသင်းသည် တစ်ဦးချင်းဘောလုံးပညာ ကျွမ်းကျင်မှုနှင့် အသင်းလိုက်နည်းဗျူဟာမြောက်စွာ ကစားနိုင်မှုတွင် ပြိုင်ပွဲဝင်အသင်းများထဲ၌ သိသာထင်ရှားစွာပေါ်လွင်နေသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်၌ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ထိုင်းအသင်းက ကစားကွက်နှင့် တစ်ဦးချင်း ဘောလုံးပညာ ပိုမိုကောင်းမွန်သည်ဟု သုံးသပ်ခဲ့ကြသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲစဉ် မယှဉ်ပြိုင်မီက ဆိုလျှင် ထိုင်းအသင်း၏ ခြေစွမ်းထက်မြက်မှုကို ထည့်သွင်းစဉ်းစားကာ မြန်မာအသင်း ဗိုလ်စွဲပါ့မလားဟု ဒွိဟပွားခဲ့ကြရသည်။ သို့သော်လည်း မြန်မာအမျိုးသမီးအသင်း၏ စိတ်ဓာတ်ရေးရာ မြင့်မားမှု၊ စိတ်ဓာတ်တည်ငြိမ်မှုနှင့် အသင်းလိုက် စည်းလုံးညီညွတ်စွာ ကစားနိုင်မှုတို့ကို ပွဲစဉ်တိုင်း၌ မျက်ဝါးထင်ထင်မြင်ခဲ့ကြပြီးဖြစ်ရာ သေချာပေါက် အနိုင်ရမည်ကို ရင်ထဲက သိနေကြသည်။

မြန်မာအသင်း၏ နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ယှဉ်ပြိုင်ကစားသွားမှုသည် ပြိုင်ဘက် ထိုင်းအသင်းကို အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် နိုင်ကိုနိုင်ရမည်ဟူသော အောင်စိတ်မွေးကာ ကစားခဲ့သည်မှာ ထင်ရှားလှပေသည်။ မြန်မာအသင်း ဂိုးသမား မေခင်ယမင်းသည် ပွဲစဉ်တစ်လျှောက်လက်စွမ်းပြကာကွယ်နိုင်ခဲ့သလို ဗိုလ်လုပွဲစဉ်၌လည်း ထိုင်းအသင်းကန်သွင်းသော သေချာပေါက်ဂိုးများကို ဆုံးဖြတ်ချက်ပိုင်ပိုင်တိကျသေချာသောလှုပ်ရှားမှုဖြင့် ကာကွယ်ခဲ့ပြီး ပယ်နယ်တီဂိုးကိုလည်း ကာကွယ်ပေးခဲ့သည်။ မြန်မာအသင်း၏နောက်တန်းလူများဖြစ်ကြသော စန်းစန်းမော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါတို့က ကျောက်ဆောင်ကျောက်သားအလား ကြံ့ကြံ့ခံကာကွယ်နိုင်ပြီး အလယ်တန်းမှ အေးနန္ဒာလှိုင်နှင့် သန်းသန်းထွေးတို့ကလည်း တိုက်စစ်နှင့် ခံစစ်တို့တွင် အတွဲညီညီ အတက်အဆင်း ကစားခဲ့ကြသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲစဉ်အထိ ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရပြီး ၁၇ ဂိုးသွင်းယူကာ တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ မြန်မာအသင်းအတွက် အေးနန္ဒာလှိုင်နှင့် ဇင်မာဝမ်းတို့က လေးဂိုးစီ၊ ခင်မာလာထွန်း၊ မာဂရက်မေရီနှင့် ခင်မိုးဝေတို့က နှစ်ဂိုးစီ၊ မိုးမိုးဝါနှင့် စုစုဝေတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်း၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် တွေ့ဆုံဆွေးနွေးပွဲတွင် တတိယအကြိမ်မြောက် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခွင့်ပြုသည့်ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ယခင်က မြန်မာနိုင်ငံတွင် အမျိုးသားလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲနှင့် လူငယ် အမျိုးသားလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကိုသာ လက်ခံကျင်းပခဲ့ပြီး နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပနိုင်ခြင်း မရှိချေ။

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်း၌ ကျင်းပနေသည့် ပြိုင်ပွဲများနည်းတူ အဆင့်အတန်းမီစွာ ကျင်းပနိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲ ကြီးကြပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် မလေးရှားလူမျိုး ဒါတိုရက်ပ်က မြန်မာနိုင်ငံသည် ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်းနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အနိုင်ရလိုစိတ်ပြင်းပြပြီး ခံစစ်ကစားပုံများ အထူးကောင်းမွန်ကြောင်း ချီးကျူးပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပွဲမဝင်မီအပြင်က လေ့ကျင့်ဆိုသကဲ့သို့ ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပြီးဆုံးသည့်အချိန်မှ စတင်၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲရက် နီးကပ်လာသည်နှင့်အမျှ အသင်းလိုက်ညီညွတ်မှုရှိစေရန် အား/ကာသိပ္ပံမှ (ယူ-၁၄)ဘောလုံးအသင်း၊ (ယူ-၁၉)အမျိုးသမီးအသင်း၊ လက်ရွေးစင်ဟောင်းကြီးများအသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ကြံ့ခိုင်မှုရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ရာတွင် ကုန်ခန်းသွားသည့်အားအင်များ ပြန်လည်ဖြည့်စွမ်းနိုင်ရေးအတွက် တာဝန်ရှိသူများက အင်အားဖြည့်အာဟာရများဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ ယခုပြိုင်ပွဲ၌ ပွဲချိန် အစအဆုံး ကြံ့ခိုင်မှုနှင့် သက်လုံမကျဘဲ အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစိုးမြင့်လွင်(နည်းစနစ်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး(ကာကွယ်ရေး)၊ လက်ထောက် နည်းပြအဖြစ် ဦးချစ်နိုင်(အား/ကာ ဦးစီးဌာန)၊ ဂိုးနည်းပြအဖြစ် ဦးကျော်တင့်(အား/ကာ ဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမော်လီချစ်(အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစားသမားများအဖြစ် ဂိုး-မေခင်ယမင်း (ပြည်ထဲရေး)၊ သင်းသင်းစိုး (ပို့ဆောင်ရေး)၊ နောက်တန်း -မြင့်မြင့်အေး၊ မိုးမိုးဝါ(ပို့ဆောင်ရေး)၊ ရွှေစင်အောင် (စက်မှု-၁)၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ စိမ်းချိုအောင်(ပြည်ထဲရေး)၊ အလယ်တန်း-စုစုဝေ၊ ခင်မိုးဝေ(ပြည်ထဲရေး)၊ စန်းယုနိုင်၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်(ပို့ဆောင်ရေး)၊ ငြိမ်းငြိမ်းအိ(ရန်ကုန်တိုင်း)၊ ရှေ့တန်း-မိုင်နီလာထွေး (ပြည်ထဲရေး)၊ ခင်မာလာထွန်း (အား/ကာသိပ္ပံ၊ မန္တလေး)၊ ဇင်မာဝမ်း၊ မာဂရက်မေရီ (ပို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတစ်ရပ်၌ တစ်ဦးချင်း ဘောလုံးပညာကျွမ်းကျင်မှုနှင့် နည်းစနစ်ကျွမ်းကျင်မှုတို့ဖြင့်သာ ဗိုလ်စွဲနိုင်မည်မဟုတ်ဘဲ စိတ်ဓာတ်ရေးရာ မြင့်မားမှုနှင့် စည်းလုံးညီညွတ်မှုရှိရန်လည်းအရေးကြီးကြောင်းကို မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲက သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ စိတ်ဓာတ်ရေးရာ မြင့်မားမှု၊ ကြိုးစားအားထုတ်မှုနှင့် တည်ငြိမ်စွာ ကစားနိုင်မှုတို့သည် ဂုဏ်ယူချီးကျူးဖွယ်ရာပင် ဖြစ်သည်။

မြန်မာပရိသတ်တို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အားပေးမှု အမျိုးသားရေးအားမာန်များသည်လည်း အောင်မြင်မှုပန်းတိုင်သို့ လှမ်းချီရာ၌ ခွန်အားတစ်ရပ်ဖြစ်ကြောင်း ထင်ရှားခဲ့ချေပြီ။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှုသည် မြန်မာတို့၏ အားမာန်ကိုထင်ဟပ်ဖော်ကျူးပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရေဆင်းဆည်နှင့် ပေါင်းလောင်းရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေး ဆည်ရေသောက်သီးနှံအားလုံး အောင်ရေလုံလောက်အောင်ရရှိရန် ဆည်ကိုစနစ်တကျထိန်းသိမ်းရန်မှာကြား

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ရေဆင်းဆည်နှင့် ပေါင်းလောင်းရေလှောင်တမံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရေဆင်းဆည် ရေတံခါးထိန်းနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးသည်ရေဆင်းဆည် ရေတံခါးထိန်းသည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဆည်ရှင်းလင်းဆောင်၌ တိုင်းမှူးအား ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဆင်းဆည်၏ လက်ရှိရေပေးဝေမှု အခြေအနေနှင့် ဆည် တည်ဆောက်ထိန်းသိမ်းထားပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဆည်ရေသောက်သီးနှံအားလုံး အောင်ရေလုံလောက်အောင် ရရှိရန်လိုကြောင်း၊ ဆည်ကိုထိန်းသိမ်းရာတွင်လည်း စနစ်တကျထိန်းသိမ်းရန် လိုကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်စေလိုသည့် စေတနာဖြင့် ငွေကြေးအကုန်အကျ မြောက်မြားစွာသုံးစွဲ၍ တည်ဆောက်ထားရသည့် ဆည်များဖြစ်သည့်အတွက် အကျိုးရှိအောင် အသုံးချကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ရေဆင်းဆည်၏ ရေပိုလွှဲတည်ဆောက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အဆိုပါ ရေပိုလွှဲသည် အလျားပေ ၄၂၀၀ နှင့် အကျယ်ပေ ၅၀ ရှိပြီး ရေဆင်းဆည်မှ ရေပိုများကို ဆင်သေချောင်းအတွင်းသို့ လွှဲပြောင်းမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် နရာဘန်ချောင်းနှင့် ရေဆင်းချောင်း ပေါင်းဆုံသည့်နေရာသို့ သွားရောက်၍ အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး၊ ကားလမ်းမများပေါ်သို့ ရေကျော်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် ကြိုတင် စီမံဆောင်ရွက်ထားရှိစေရေးကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပေါင်းလောင်း ရေလှောင်တမံစီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက် ထိန်းသိမ်းမှု အခြေအနေများ၊ လယ်မြေများသို့ ရေပေးဝေမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက တည်ဆောက်ဆဲ ပေါင်းလောင်းရေလွှဲဆည်သည် ရေပေးဝေနိုင်မည့် လယ်မြေဧက ၃၅၀၀၀ ရှိပြီး ပြည်သူများအတွက် အကျိုးများသော ရေလွှဲဆည်တစ်ခုဖြစ်ကြောင်း၊ထို့ကြောင့် တာဝန်ရှိသူများဘက်မှ ဂရုတစိုက် အမြဲထိန်းသိမ်းနေရန်လိုကြောင်း၊ သို့မှသာပြည်သူများအတွက်ရေရှည်အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပေါင်းလောင်း ရေလှောင်တမံ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကာ နံနက် ၁၀နာရီခွဲတွင် ပေါင်းလောင်းရေလှောင်တမံမှ ပြန်လည်ထွက်ခွာသွားသည်။

စတင်ဆောင်ရွက်

ပေါင်းလောင်း ရေလှောင်တမံဘက်စုံစီမံကိန်းကို ၁၉၉၈-၁၉၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပင်မတမံလုပ်ငန်းနှင့် ရေပိုလွှဲလုပ်ငန်းတို့ကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်လုပ်ငန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်ဆောင်ရွက်၍ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပန်းလှိုင်အိမ်ရာ သဇင်လမ်းနေ ဗိုလ်မှူးကြီး သာထွန်း(ငြိမ်း)မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့်ဦးအေးကိုတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်းရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အလှူရှင်များ၏ အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းအတွင်းရေးမှူး ဦးအေးမြင့်၊ တိုင်းအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးတင်အောင်၊ ခရိုင်အလုပ် အမှုဆောင် နယ်မြေတာဝန်ခံဦးအောင်ကျော်မိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးက မြို့နယ်အတွင်း ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ စည်းရုံးထူးချွန်ဆု၊ သွေးလှူဒါန်းမှု အများဆုံးဆုများကို ပေးအပ်ချီးမြှင့်သည်။

အတည်ပြု

ဆက်လက်၍ မြို့နယ်အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး ကိုယ်စားလှယ်များက အကြံပြု ထောက်ခံဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်အသင်း အတွင်းရေးမှူးဦးကျော်ကျော်စိုးက ပြန်လည်ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အတည်ပြုကြောင်း ဆုံးဖြတ်ကြသည်။ (က-ပ)

အင်းမအသင်း (ရန်ကုန်) ၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၉ရက်က စမ်းချောင်းမြို့နယ် ဗားဂရာလမ်း ဥယျာဉ်တိုက်သုခမကျောင်း၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးရရှိသူ မောင်မင်းသီဟဇော်အား အသင်းနာယက ဦးတင်ရှိန်က ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၁။	လျှပ်တပြက်ရိုက်ချက်
၇:၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြင်မြင်ချင်းပဲကွယ် (အပိုင်း-၃၃)**
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ) (အပိုင်း-၃၄)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

ဆုချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၆- ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ရက်က သီရိရတနာခန်းမ၌ကျင်းပရာတက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မရွှေစင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စိန် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပံ့ပိုးချီးမြှောက်မှုအပြင် အသင်းသားများ၏ နိုင်လိုစိတ်ပြင်းပြမှုကြောင့် အောင်ပွဲခံ ပွဲကစားပြီးတိုင်း အသင်း၏အားနည်းချက်များကို ဝိုင်းဝန်းအကြံပြု ပြုပြင်ခဲ့ ထိုင်းက တစ်ဦးချင်းကောင်းသော်လည်း အသင်းလိုက်အားနည်း၍ တစ်ဦးချင်းထိန်းကပ်ကစားခဲ့

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော ၂၀၀၇ ခုနှစ် တတိယ အကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ အိမ်ရှင်မြန်မာအမျိုးသမီးအသင်း ခြေစွမ်းပြအနိုင်ရဗိုလ်စွဲခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ကြိုးစားအားထုတ်မှု၊ အနိုင်ရလို စိတ်ပြင်းပြမှု၊ စည်းလုံးညီညွတ်မှုတို့အပြင် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပံ့ပိုးအားပေး ချီးမြှောက်မှု၊ မြန်မာဘောလုံး ပရိသတ်၏ တစ်ခဲနက် အားပေးမှုတို့ဖြင့်ပေါင်းစပ်ကာ အာဆီယံချန်ပီယံဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယခု တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲမှာ အာဆီယံ ယူ-၁၈ လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သော ၂၀၀၃ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော ပြိုင်ပွဲဖြစ်ပြီး အမျိုးသမီး ပြိုင်ပွဲအနေဖြင့်မူ ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခြင်းလည်း ဖြစ်သည်။ ထို့အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကို ဘက်ပေါင်းစုံမှ ဟာကွက်မရှိအောင် စီစဉ်ဆောင်ရွက်ခဲ့ပြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ကြောင်းကိုလည်း ပြိုင်ပွဲ ကျင်းပရေးမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများကအသိအမှတ်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တတိယအကြိမ် အာဆီယံအမျိုးသမီး ပြိုင်ပွဲတစ်ခုလုံး အပါအဝင် ဖွင့်ပွဲအခမ်းအနားကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထို့အပြင် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများနေထိုင်ရန် အဆင့်မီဟိုတယ်များတွင် စီစဉ်ပေးခဲ့ပြီး သွားလာမှုလွယ်ကူချောမွေ့စေရန် Express ယာဉ်များ၊ စကားပြန်များထားရှိပေးခဲ့သည်။အိမ်ရှင်မြန်မာအသင်းကိုလည်း ပြိုင်ပွဲဝင်အသင်းများနှင့် နည်းတူ ပံ့ပိုးမှုအပြည့်ထားရှိပေးခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တည်ရှိသည့် Goal ဟိုတယ်၌ စက်တင်ဘာ ၄ ရက်မှစ၍ ထားရှိပေးခဲ့သည်။ ယင်း ပံ့ပိုးဖြည့်ဆည်းမှုများအပြင် ထိုင်းကို အနိုင်ရရှိပြီး အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ရာတွင်လည်း တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုဆုငွေကျပ်သိန်း ၄၀ ကျော် ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထိုကဲ့သို့ ပံ့ပိုးချီးမြှောက်မှုအပြင် အသင်းသားများ၏နိုင်လိုစိတ်ပြင်းပြမှုကြောင့်လည်း ယခုကဲ့သို့ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် အုပ်စု ပထမရရေး အဆုံးအဖြတ်ပွဲတွင် ထိုင်းအသင်းကို အနိုင်ရအောင် ယှဉ်ပြိုင်နိုင်ခဲ့သလို ချန်ပီယံဆုဖလား ရရှိရေး ဗိုလ်လုပွဲတွင်လည်း ထိုင်းအသင်းကို ထပ်မံ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာ မြန်မာအသင်းထက် နည်းစနစ်ပိုင်းအရ သာကောင်း သာနိုင်သော်လည်း မြန်မာအမျိုးသမီးများ၏ ဇွဲ၊ စိတ်ဓာတ်ပြင်းထန်မှု၊နိုင်လိုစိတ်ပြင်းပြမှုတို့ကိုမူ မည်သို့မျှမယှဉ်ပြိုင်နိုင်ခဲ့၍ နှစ်ကြိမ်တိုင် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။

ဘောလုံးအားကစားနည်းကို စွဲစွဲလမ်းလမ်း အားပေးကြသည့် မြန်မာဘောလုံးပရိသတ်များမှာ ယခု အမျိုးသမီးပြိုင်ပွဲ၌လည်း အမျိုးသားပြိုင်ပွဲများကဲ့သို့ပင် တစ်ခဲနက်အားပေးခဲ့ကြသည်ကိုတွေ့ရသည်။ အထူးသဖြင့် ထိုင်းနှင့် ဗိုလ်လုပွဲတွင် ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြပြီး မြန်မာအသင်း အနိုင်ရရှိစေရန် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ပွဲချိန်ပြည့်အားပေးခဲ့ကြသည်။ မြန်မာအသင်းအနိုင်ရဗိုလ်စွဲရာတွင် ပရိသတ်အားပေးမှုသည် အဓိက ကဏ္ဍမှ ပါဝင်ခဲ့သည်။

အနိုင်ရဗိုလ်စွဲရာတွင် မြန်မာအသင်းမှ ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့သူများနှင့် ခြေစွမ်းပြခဲ့သော ကစားသမားအချို့အား ကြေးမုံက တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က **"ယခုကဲ့သို့ အနိုင်ရဗိုလ်စွဲခဲ့ခြင်းမှာ တစ်ဦးတစ်ယောက်ကြောင့် မဟုတ်ဘဲ မြန်မာအမျိုးသမီး တစ်သင်းလုံးရဲ့ ကြိုးပမ်းအားထုတ်မှု၊ အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ အားပေးမှုတို့အပြင် မြန်မာတစ်ပြည်လုံးရှိ ပရိသတ်တို့၏ အားပေးမှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ထို့အတွက် ဘောလုံးပရိသတ်ကြီးကို အထူးကျေးဇူးတင်ပြီး အောင်မြင်မှုများ ဆက်လက် ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် တွေ့ဆုံသောပွဲများမှာ အရေးကြီးသော ပွဲစဉ်များဖြစ်ကြောင်း၊ သို့သော် ကစားသမားများကို တစ်ဖက်အသင်း၏ ကောင်းကွက်များကို မပြောဘဲ ရှိသည့် အရည်အချင်းကို ထုတ်ကစားရန် မှာကြားခဲ့ကြောင်း၊ မြန်မာကစားသမားများမှာ စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်လိုစိတ်ရှိ၍ ယခုကဲ့သို့ အနိုင်ရရှိခြင်း ဖြစ်ပါကြောင်း။**

ပွဲတစ်ပွဲ ကစားပြီးတိုင်း တွေ့ဆုံညှိနှိုင်းကာ အသင်း၏အားနည်းချက်၊ အားသာချက်များကို ပြုပြင်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အကြံပေးနိုင်သည့် နည်းပြများ အားလုံးအပြင် တာဝန်ရှိသူများအားလုံးက ပြိုင်ဘက်အသင်းများ၏ပွဲကိုကြည့်ရှုခြင်း၊ ဗီဒီယိုအခွေများ ပြန်ကြည့်ကာ နည်းပြချုပ်အား ဝိုင်းဝန်း အကြံပြုခဲ့ကြောင်း၊ နည်းပြချုပ်ကလည်း ယင်းအကြံပြုချက်များဖြင့် ပေါင်းစပ်ပြီး ပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ထိုင်းအသင်းတွင် မိမိတို့ထက် မြန်သော ကစားသမားများရှိကြောင်း၊ ဒါကို မိမိတို့က တစ်ဦးချင်း ထိန်းကပ်ကစားခဲ့ကြောင်း၊ လာမည့် ထိုင်းဆီးဂိမ်းတွင် အောင်မြင်မှုရရှိရန် ယခုထက်သုံး၊ လေးဆ ပိုမိုကြိုးစားရမည်ဖြစ်ကြောင်း၊ ကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံပိုရအောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ ခြေစမ်းပွဲများ ကစားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ အနိုင်ရဗိုလ်စွဲ သွားသော မြန်မာအမျိုးသမီးအသင်းကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

"အာဆီယံ အမျိုးသမီးချန်ပီယံ မြန်မာအသင်းအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း" မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

"အများပြည်သူများ မျှော်လင့်နေသည့် ချန်ပီယံဆုကို ရယူပေးနိုင်ခဲ့၍ ဝမ်းသာပါကြောင်း" အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

"ထိုင်းအသင်း၏ ခံစစ် အားနည်းချက်ကို အခွင့်ကောင်းယူကာ အနိုင်ယူနိုင်ခဲ့ကြောင်း" နည်းပြချုပ် ဦးအေးကျူကြီး ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ချန်ပီယံဆုဖလားအား ဂုဏ်ယူဝင့်ကြွားစွာ ကိုင်မြှောက်နေသည့် နောက်ခံလူ မိုးမိုးဝါ။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

မြန်မာအသင်းအတွက် ထူးထူးချွန်ချွန် လက်စွမ်းပြ ကာကွယ်ခဲ့သူ ဂိုးသမား မေခင်ယမင်း။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ကွင်းလယ်ကစားသမား သန်းသန်းထွေး ဒုတိယ ပယ်နယ်တီ ကန်သွင်းစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

ဆက်လက်၍ အောင်ပွဲရ မြန်မာအသင်းအဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်က **"ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း မြန်မာကစားသမားများ၏ စိတ်ဓာတ်၊ ကြိုးစားမှု၊ ခံစစ်ကစားပုံ ကောင်းမွန်မှု တို့အပြင် ပရိသတ်အားပေးမှု ကောင်းခြင်းတို့ကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ အုပ်စုပွဲတွင် ထိုင်းအသင်း ရှုံးနိမ့်ခဲ့ရခြင်းမှာ မြန်မာအသင်း၏ ကြိုးစားမှု ပါသော်လည်း ထိုင်းနည်းပြ ညံ့၍လည်း ရှုံးနိမ့်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာအသင်းအနေဖြင့် ထိုင်းအသင်းကို နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ခြင်းမှာ ၎င်းတို့ရဲ့ အားနည်းချက်ဖြစ်သော ခံစစ်ကို အခွင့်ကောင်းယူနိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ ထိုင်းအသင်းဟာ နောက်တန်းနှင့်ဂိုးသမားတို့ ကြားတွင် ကွက်လပ် ဖြစ်ပေါ်နေပြီး ဒါကိုပင် မိမိတို့က အသုံးချနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း"** ပြောကြားသွားသည်။

"ကစားသမားများ၏ စိတ်ဓာတ်၊ ကြိုးစားမှုအပြင် ပရိသတ်အားပေးမှု ကောင်း၍ ဗိုလ်စွဲခြင်း ဖြစ်ကြောင်း" အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင် ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက **"ပြည်သူတစ်ရပ်လုံးမျှော်လင့်နေသည့် ချန်ပီယံဆုဖလားကိုရယူနိုင်ခဲ့၍ အတိုင်းမသိဝမ်းသာရပါကြောင်း၊ အုပ်ချုပ်သူ တစ်ဦးအနေနှင့်လည်း အသင်း အောင်မြင်မှုရရှိအောင် ဘက်စုံ ထောင့်စုံမှ ပံ့ပိုးပေးခဲ့ပါကြောင်း၊ ကစားသမားများအနေဖြင့် အမြဲစိတ်ဓာတ်တက်ကြွနေအောင်လည်း ပံ့ပိုးအားပေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့ အုပ်ချုပ်နည်းပြအဖွဲ့မှာလည်း ပွဲစဉ်တိုင်း ကြည့်ရှုကာ အသင်းကို အောင်မြင်မှုရရှိအောင် ပြင်ဆင်ခဲ့ကြောင်း၊ ထိုင်းမြေ၌ ဆက်လက် ယှဉ်ပြိုင်ရမည့် (၂၄)ကြိမ်မြောက် ဆီးဂိမ်းတွင်လည်း ရွှေဆုထပ်မံရယူရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း"** ပြောကြားသွားသည်။

နည်းပြချုပ် ဦးအေးကျူကြီးက **"အသင်းကို မေ ၂၉ ရက်မှစ၍ ကစားသမား ၃၀ ဦးဖြင့် စတင်ပြင်ဆင်ခဲ့ကြောင်း၊ ပြည်တွင်းမှ အသင်းများနှင့် ခြေစမ်းပွဲ ၁၇ ပွဲ ကစားပြီး အပြီးသတ် ၁၈ ဦးကို ရွေးချယ်ခဲ့ကြောင်း၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၏ ညွှန်ကြားမှု၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ အနီးကပ်အားပေးမှု၊ ပရိသတ်တို့၏ တစ်ခဲနက် အားပေးမှုတို့ကြောင့် ကစားသမားများ စိတ်ဓာတ်တက်လာပြီး ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ပါကြောင်း။ အုပ်စုဗိုလ်နေရာတွင် ထိုင်းနှင့်အဆုံးအဖြတ်ပွဲ မကစားမီ ထိုင်းအသင်း၏ လာအိုနှင့် စင်ကာပူ ကစားခဲ့သောပွဲကို ကြည့်ကာ အဓိက ပြင်ဆင်ခဲ့ကြောင်း၊ ထိုင်းအသင်းမှာ တစ်ဦးချင်းကောင်းသော်လည်း အသင်းလိုက် ကစားပုံ သိပ်မကောင်းကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းကို အဓိက ထိန်းကပ်ကစားခဲ့ကြောင်း။**

ဆု ဖလား နှင့် အသင်းခေါင်းဆောင် စန်းစန်းမော်။ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ဗိုလ်လုပွဲတွင် ထိုင်းနှင့် ပြန်တွေ့ရာတွင်လည်း အနိုင်ရရှိရန် အထူးပြင်ဆင်ခဲ့ကြောင်း၊ ခံစစ်ကိုဦးစားပေးကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့် အဓိက ထိုးဖောက်ခဲ့ကြောင်း၊ ထိုင်းရှေ့တန်းမှ ခြေစွမ်းပြနေသည့် နံပါတ် (၁၃) ပစ်ဆာမိုင်နှင့် နံပါတ်(၉)နီဆာတို့ကို ထိန်းရန် မိုးမိုးဝါနှင့် စန်းစန်းသိန်းတို့ကို တာဝန်ပေးခဲ့ကြောင်း၊ လွတ်လာသည့် ဘောလုံးကိုမှ စန်းစန်းမော်က လိုက်ဖျက်ထုတ်ခဲ့ကြောင်း၊ လေ့ကျင့်မှု အပြီးတိုင်း ပယ်နယ်တီကို လေ့ကျင့်ခဲ့၍ ယခု

စာမျက်နှာ ၁၂ ကော်လံ ၁ သို့
✡

ဒုတိယအကြိမ် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ဒုတိယအကြိမ်မြောက် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အတွင်းရေးမှူး Dato Paul Mony Samuel နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် အရှေ့တီမော ဘောလုံးအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အတွင်းရေးမှူး Dato Paul Mony Samuel က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကား ပြောကြားသည်။ ယင်းနောက် အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၂၀၀၇ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲများနှင့် သင်တန်းများ၊ ဘဏ္ဍာရေးကိစ္စရပ်များကိုလည်းကောင်း၊ ဆက်လက်ကျင်းပမည့် ပြိုင်ပွဲများ၊ သင်တန်းများနှင့်ပတ်သက်၍လည်းကောင်း၊အာဆီယံ ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ အာဆီယံ ဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ဧည့်သည်တော်များက အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

✡ စာမျက်နှာ ၁၁ မှ

အကောင်းဆုံး ကန်သွားနိုင်ခဲ့ကြောင်း ထိုင်းနှင့်နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ခြင်းမှာ အားနည်းချက်များရှိသည့် ခံစစ်ကို အဓိက ထိုးဖောက်နိုင်ခဲ့၍ ဖြစ်ပါကြောင်း” ပြောကြားသွားသည်။

အသင်းခေါင်းဆောင် စန်းစန်းမော်က **“မိမိတို့ အသင်းသားအားလုံး နည်းပြဆရာများ၏ သင်ကြားမှုအတိုင်း ကစားခဲ့ကြောင်း၊ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ကစားရ၍ အောင်မြင်မှုရရှိအောင် အထူးကြိုးစားကစားခဲ့ကြောင်း၊ ထိုင်းနှင့် နှစ်ပွဲစလုံးတွင် အဓိက တိုက်စစ်ဆင်သည့် တောင်ပံများကို မိမိတို့က ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အာဆီယံ ချန်ပီယံဆုဖလားကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း”** ပြောကြားသွားသည်။ စန်းစန်းမော်မှာ လက်ရွေးစင်ကစား သက်တမ်း ၁၀နှစ်နီးပါးရှိပြီဖြစ်ပြီး အမိနိုင်ငံအတွက် ရွှေတံဆိပ် နှစ်ခုရယူပေးပြီးဖြစ်သည်။

လက်စွမ်းပြခဲ့သော ဂိုးသမား မေခင်ယမင်းက **“မိမိတို့ ကြိုးစားခဲ့သမျှ အောင်မြင်မှုရယူနိုင်ခဲ့ပြီး အများမျှော်လင့်နေသည့်ဆန္ဒကို ဖြည့်ဆည်းနိုင်ခဲ့၍ ဝမ်းသာရပါကြောင်း၊ ထရိုက်နင်ပြီးတိုင်း ပယ်နယ်တီလေ့ကျင့်ခဲ့၍လည်း ယခုလက်စွမ်းပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း”** ပြောကြားသွားသည်။ မေခင်ယမင်းသည် ပြိုင်ပွဲတစ်လျှောက် လက်စွမ်းပြခဲ့သူဖြစ်ပြီး ဗိုလ်လုပွဲတွင် ထိုင်းမှကန်သွင်းသော ပယ်နယ်တီတစ်လုံးကို အမိအရ ကာကွယ်နိုင်ခဲ့သည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ ၂၀၀၅ခုနှစ်က ကျင်းပခဲ့သော ပထမအကြိမ်အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဗီယက်နမ်ကို အနိုင်ရ ဗိုလ်စွဲရာတွင်လည်း ပယ်နယ်တီနှစ်လုံးကို လက်စွမ်းပြ ကာကွယ်ခဲ့သူဖြစ်သည်။

ကွင်းလယ်မှ ခြေစွမ်းပြခဲ့သော သန်းသန်းထွေးက **“စိတ်ဓာတ်အမြင့်မားဆုံးဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း၊ ကိုယ်တိုင်ဂိုးမသွင်းနိုင်သော်လည်း ကစားဖော်များ ဂိုးရအောင် ဖန်တီးနိုင်ခဲ့၍ ဝမ်းသာပါကြောင်း”** ပြောကြားသွားသည်။ သန်းသန်းထွေးသည် နိုင်ငံတကာပွဲ ၅၀ ကျော်ကစားထားပြီး နိုင်ငံအတွက် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ ရွှေတံဆိပ် နှစ်ခုရယူပေးနိုင်ခဲ့သည်။

(ကြေးမုံ)

ဒုတိယအကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးအပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (ကြေးမုံ)

ချီးကျူးအသိအမှတ်ပြု

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ညနေပိုင်းတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသော တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲဖြစ်သည့် မြန်မာနှင့် ထိုင်းတို့ပွဲစဉ်ကို အာဆီယံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ဝင်နိုင်ငံများ၏ ဘောလုံးအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက တက်ရောက်ကြည့်ရှု အားပေးကြပြီး မြန်မာအမျိုးသမီးဘောလုံးအသင်း၏ နိုင်လိုစိတ်ပြင်းထန်မှု၊ကြိုးစားအားထုတ်မှုတို့အပြင် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက် အားပေးမှုတို့ကို ချီးကျူးအသိအမှတ် ပြုခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

အထက(၃)ဗိုလ်တထောင် ရာပြည့်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

၁၉၀၇ ခုနှစ်မှစ၍ တည်ထောင်ခဲ့သော မက်သဒစ်ရေကျော် အထက်တန်းကျောင်း(ယခု အထက-၃၊ ဗိုလ်တထောင်)မှာ ယခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ပြီဖြစ်သဖြင့် ကျောင်းရာပြည့်ပွဲ အထိမ်းအမှတ် အစီအစဉ်များကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ရာပြည့်ပွဲအထိမ်းအမှတ် ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ ရာပြည့်အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်အပြင် အထိမ်းအမှတ် ပြက္ခဒိန်၊ အမှတ်တရပစ္စည်းများနှင့် ရာပြည့်မဂ္ဂဇင်းတို့ကိုလည်း ထုတ်ဝေမည်ဖြစ်ရာ အဆိုပါ မဂ္ဂဇင်းအတွက် ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများထံမှ မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှိုးဆော်ထားသည်။

ရာပြည့်အထိမ်းအမှတ် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင် လိုလျှင်ဖြစ်စေ၊ ရာပြည့်မဂ္ဂဇင်းအတွက် ဓာတ်ပုံများ၊ အချက်အလက်များ၊ ဆောင်းပါးများ ပေးပို့လိုလျှင်ဖြစ်စေ၊ အစီအစဉ်များ အသေးစိတ်သိရှိလိုလျှင်ဖြစ်စေ ဒေါ်ခင်မာဆွေ(ကျောင်းအုပ်ဆရာမကြီး) ကျောင်းရုံးခန်း အထက(၃) ဗိုလ်တထောင် ဗိုလ်မြတ်ထွန်းလမ်း ရန်ကုန်မြို့ ဖုန်း-၂၉၄၃၂၂ နှင့် ဦးကျော်အောင် (ရွှေပြည်တန်) အမှတ် ၁၁၄ လမ်း ၅၀ ပုဇွန်တောင် ရန်ကုန် ဖုန်း-၇၀၃၂၂၀၊ ၂၉၅၅၅၆၊ ၀၉၅၀၂၆၄၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၃၆) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၆)တွင် လျှပ်စစ်သံလိုက်ရထားပုံစံ စမ်းသပ်တီထွင်မှုအောင်မြင်၊ ဆင်းရွှေလီစပါး မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုက်ပျိုးဖြစ်ထွန်း၊ ရန်ကုန်မြို့တွင်း ခေတ်မီသန့်စင်ခန်းတည်ဆောက်လိုသူများကို မြို့တော်စည်ပင်မှ ပံ့ပိုးပေးမည်၊ အသက်အရွယ်ကြီး မြန်မာအမျိုးသမီးများ သားသမီးယူနိုင်တော့မည်၊ အင်ဒိုနီးရှားမြေလျှင်ကြောင့် မြန်မာ့ကမ်းရိုးတန်းဒေသများသို့ ဆူနာမီရေလှိုင်းဝင်ရောက်နိုင်သော်လည်း အင်အားကြီးမားသည့် အနေအထားမရှိနိုင်၊ ရန်ကုန်တွင် ယခုနှစ်သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးထောင်ကျော်ရှိပြီး လေးဆယ်ကျော်ဖိတ်စဉ်၊ မြို့ပတ်ရထားစီးသူများပြားလာသဖြင့် လက်မှတ်များဝယ်ရလွယ်ကူစေရန်ဆောင်ရွက် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ‘မြတ်သောဆရာ---မြတ်ဆရာ’ ဘဝရှုခင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အင်ဒိုနီးရှားအမြွာလျှင်ကြီး ကိုးဦးဖိတ်စဉ်ပြီး ၄၉ဦးဒဏ်ရာရ၊ ကိုးနှစ်သား သင်္ချာဉာဏ်ကြီးရှင် ဟောင်ကောင် တက္ကသိုလ်သင်ရိုး အလွန်လွယ်ဟုဆို၊ နှစ်ပြည်ထောင်ချစ်ကြည်ရေး အထိမ်းအမှတ် တရုတ်ပန်ဒါဝက်ဝံကြီးနှစ်ကောင် စပိန်သို့ ရောက်၊ အမျိုးသမီးများ ဘဝကြင်ဖော်ရွေးရာတွင် ‘ရေရှည်ကိုကြည့်ကြ’ဟုဆို၊ လေဂစ်တာချန်ပီယံဘွဲ့ ဂျပန်သားကြီးဆက်လက်ထိန်းသိမ်း၊ သိပ္ပံပညာကိုလည်း သိပ္ပံရသဝတ္ထုကဲ့သို့ ရင်ခုန်စေသင့်ဟု ရုပဗေဒပညာရှင်ကြီး စတီဖင်ဟော့ကင်းပြောစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာ တစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

အင်တာနက် အားကစားသတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ မန်စီးတီးအသင်း အနိုင်ရ

မန်ချက်စတာ စက်တင်ဘာ ၁၆

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို ယနေ့ဆက်လက်ကျင်းပသည်။

အင်္ဂလန်မြောက်ပိုင်း မန်ချက်စတာမြို့ရှိ အိစ်လန်းကွင်းတွင် မန်ချက်စတာစီးတီးနှင့် အက်စတန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်ချက်စတာစီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာစီးတီးအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၈မိနစ်တွင် မိုက်ကယ်ဂျွန်ဆင်က သွင်းပေးခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် ပရီမီယာလိဂ်ဘောလုံး ပြိုင်ပွဲအမှတ်ပေးဇယားတွင် ဒုတိယနေရာသို့ရောက်ရှိလာသည်။ **အင်တာနက်**

စက်တင်ဘာ ၁၆ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အက်စ်တန်ဗီလာအသင်းမှ လုခ်မိုး(ဝဲ)နှင့် မန်စီးတီးအသင်းမှ ဒိုင်ယက်မာဟာမန်းတို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စက်တင်ဘာ ၁၅ရက်က တရုတ်နိုင်ငံ ဝူဟန်မြို့၌ ဘရာဇီးအသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင် ကစားကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဘရာဇီးအသင်း အနိုင်ရ

ဝူဟန် စက်တင်ဘာ ၁၆

ဖီဖာ ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံ ဝူဟန်မြို့၌ စက်တင်ဘာ ၁၅ရက်က ကျင်းပသည်။

အုပ်စုပွဲအဖြစ် တရုတ်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဘရာဇီးအသင်းက အိမ်ရှင်တရုတ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အိမ်ရှင်အသင်းသည် ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် လာမည့် ဗုဒ္ဓဟူးနေ့တွင် တီယန်ကျင်း၌ ကျင်းပမည့်ပွဲ၌ နယူးဇီလန်အသင်းကို အနိုင်ရရှိအောင် ကစားရမည်ဖြစ်ပြီး အကယ်၍ ရှုံးနိမ့်ပါက ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာသွားရမည်ဖြစ်သည်။

အင်တာနက်

ရုရှားလက်ရွေးစင် အသင်းနည်းပြ စာချုပ်သက်တမ်းတိုးမည်

မော်စကို စက်တင်ဘာ ၁၆

ရုရှားလက်ရွေးစင် အသင်း၏ နည်းပြအဖြစ် ၂၀၁၀ပြည့်နှစ်အထိ ကန်ထရိုက်စာချုပ် သက်တမ်းတိုးရန် ဂပ်စ်ဟိုက်ဒင့်ကမူအားဖြင့် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက် သတင်းတွင်ဖော်ပြသည်။

ဒတ်ချ်လူမျိုး ဘောလုံးနည်းပြ ဟိုက်ဒင့်သည် မဝေးသောအနာဂတ်တွင် အသင်းပြောင်း ရွှေ့ဖွယ်ရှိသည်ဟု သတင်းများ ပေါ်ထွက်နေချိန်တွင် ယခုကဲ့သို့ သဘောတူညီမှု ရရှိခြင်းဖြစ်သည်။

မိမိ၏ အနာဂတ်ရေးနှင့်ပတ်သက်၍ အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ယူရို ၂၀၀၈ ခြေစစ်ပွဲ မတိုင်မီတွင် ရုရှား ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုက်တယ်လီမာကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဟိုက်ဒင့်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယူရိုခြေစစ်ပွဲ ရှိနေသဖြင့် ကန်ထရိုက်စာချုပ် သက်တမ်းတိုးရေးကိစ္စကို အသေးစိတ်မဆွေးနွေးခဲ့သော်လည်း ကန်ထရိုက်စာချုပ် သက်တမ်းတိုးရန် မူအားဖြင့်သဘောတူညီခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်

စာအုပ်စင်တိုင်းတွင်ရှိသင့်သော
မြန်မာ့ဓလေ့ ဖြစ်ရပ်ဆန်းနှင့် အကျိုးထူးများ
ကျော်ဇောဟိန်း(နံ့သာ)
ထွက်ပြီ
အချိန်ယူလက်တွေ့ကျကျ ရေးသားထားသည့်စာအုပ်
ဖြန့်ချိရေး- ချမ်းသာစာပေ၊ အမှတ် (၁၂၀) (၃၄)လမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၈၉၅၅
ရွှေကျားစာပေ၊ အမှတ် (၀၀၄) တိုက်(၁၁) အေ-၆၊ ယုဇနဥယျာဉ်မြို့တော်၊ ဖုန်း-၅၉၃၂၉၇
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၄၁၇၀၁၀၇ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၈၁၀၄၀၇

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ စလင်းလမ်း၊ အမှတ်(၁၅)နေ ဦးဝင်းနိုင်(SUKI)-ဒေါ်ခင်ခင်ဇော်တို့၏ တစ်ဦးတည်းသောသား **မောင်မျိုးသက်နိုင်** [၁၂/ကမတ(နိုင်)၀၆၀၇၇၀] နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ကျိတ်တန်းလမ်း၊ အမှတ်(၃၈)နေ ဦးလှရွှေ-ဒေါ်နုနုရင်တို့၏ သမီးကြီး **မထက်ထက်လှိုင်** [၁၂/ကမတ(နိုင်)၀၆၁၇၇၃] တို့သည် ၂၄-၄-၂၀၀၇ ရက်တွင် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ် တရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဦးဦးဘသောင်း ရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင်လက်ထပ်ပြီးစီးပါကြောင်း။

မောင်မျိုးသက်နိုင်-မထက်ထက်လှိုင်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင် ပညာရှင်များ၊ သူနာပြုအုပ်အငြိမ်းစားများဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားပေးသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းကာလပြီးလျှင် နိုင်ငံခြား ဆေးပစ္စည်းဆိုင် ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး အဖက်ဖက်မှ ကူညီမည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရေး ကူညီမည်။ အသုံးပြု၍ရသော သင်တန်းဆင်း လက်မှတ်ပေးမည်။ သန့်ရှင်းသောသင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ နယ်မှ သင်တန်းသား/သူများအတွက် ဘော်ဒါဆောင်ရှိသည်။ ကြိုတင်စာရင်းသွင်းပါ။

ကြားပြီးပြီလား 'အောင်ချမ်းမြေ့' သင်တန်းကျောင်း
"ပေါက်" သွားပြန်ပြီတဲ့

တစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၁၈၅) ၂၄-၉-၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် ၁၆ ဦး။
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

နှစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၁၈၆) ၂၅-၉-၂၀၀၇ စမည်။
အင်္ဂါ နှင့် ဗုဒ္ဓဟူး နှစ်ရက်တည်းသာ။ ၁၆ ဦး။
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

နှစ်လပြတ်အထူးသင်တန်း။ **ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း**
* အပတ်စဉ်(၁၈၇) ၂၇-၉-၂၀၀၇ စမည်။
ကြာသပတေးနှင့် သောကြာ နှစ်ရက်တည်းသာ။ ၁၆ ဦး
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

နှစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၁၈၈) ၂၉-၉-၂၀၀၇ စမည်။
စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ။ ၁၆ ဦး။
(I) 08:00 to 11:30 AM (II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

သုံးလပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
* အပတ်စဉ်(၁၈၉) ၃၀-၉-၂၀၀၇ စမည်။
တနင်္ဂနွေ တစ်ရက်တည်းသာ။ ၁၆ ဦး။
(I) 08:00 to 12:30 PM (II) 12:30 to 05:00 PM

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလှိုင်းဗီးရောင်းဝယ် ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်မှ နှစ်လမ်းကျော်။
ဖုန်း-၀၉ ၅၁ ၇၅၂၈၅၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

ချောင်းဆိုးပြီးအသံဝင်အသံပျက်မှာလဲ မပူနဲ့
လိပ်ခေါင်းထွက်မှာလဲ မကြောက်နဲ့
နိုင်ငံကျော်
ဖွန်ချီ
သလိပ်ပျော်အသံကောင်းဆေးနဲ့
လိပ်ခေါင်းပျောက်ဆေးရှိတယ်
အမြို့မြို့ဆိုင်တိုင်းတွင်ရနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06263 တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - 0708YR06286
ပင်ရင်း- အမှတ် (၂၆၁)၊ ရွှေဘုံသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ☎ 01-384651

The VOICE Weekly
၂၀၀၇ ခုနှစ်၊ စက်တင်ဘာ (၁၇) ရက်၊ တနင်္လာနေ့၊ အတွဲ(၃)၊ အမှတ်(၄၉)
◆ မြန်မာ-ရုရှား တိုက်ရိုက်လေယာဉ်ပျံသန်းရန် စီစဉ်၊
◆ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် World Bank နှင့် ADB မှ ထိပ်တန်းပုဂ္ဂိုလ်များ လာရောက်အကြံပြု၊
◆ ဈေးသက်သာပြီး ဖုန်း နှစ်လိုင်းအသုံးပြုနိုင်မည့် WiMAX ဝယ်ယူနိုင်ပြီ၊
◆ မော်တော်ယာဉ်အရောင်းအဝယ်ဈေးကွက် လှုပ်ရှားလာသည့်အကြောင်းအရင်း၊
◆ ကိုရီးယား MBA ပညာသင်ဆု စရိတ်ငြိမ်းလျှောက်နိုင်၊
◆ မဟာနှင့် ပါရဂူဘွဲ့များအတွက် ဂျပန်ပညာသင်ဆုလျှောက်နိုင်၊
◆ အကောက်ခွန်ဦးစီးဌာနအမည်သုံး၍ လာတ်ယူမှုများ တိုင်ကြားနိုင်သည့်နည်းလမ်း၊
◆ ကော့သောင်းဝင်ပေါက်၌ တိုးရစ်လုပ်ငန်းအပေါ် ကောက်ခံနှုန်းများ မြှင့်မည်၊
◆ ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်တည်ဆောက်ပြီးစီး၊
◆ ASEAN Green Hotel စီမံကိန်း ၂၀၀၈ တွင် စတင်ကျင့်သုံးမည်၊
◆ စင်ကာပူသို့ အကူသူနာပြုသွားလိုသူများ သတိပြုရမည့်အချက်၊
◆ ရန်ကုန်မြို့တော်တွင် မဟာဓာတ်အားလိုင်းခွဲ နှစ်ခုတိုးမည်၊
◆ ဆန်ပါမစ်အပြောက်အပြားချပေး၊
◆ ဒုတိယစစ်အေးခေတ်သို့ ရုရှားပြန်သွားရန် ဟန်ပြင်နေပြီလော၊
ထွက်ပြီ

နွေဦးဆောင်းစာပေ
ဒေဝဏကြာ
တစ္ဆေရောင်းရန်ရှိသည်
ကြောက်တတ်သူများမဖတ်ရ

စက်တင်ဘာ ၁၆ ရက်က ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ဇေယျဝတီ စာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ဓမ္မဒီပနီရာပြည့် ဗိမာန်တော်ကြီး တစ်ခန်းစာအတွက် အလှူငွေကျပ် ၅၂၀၀၀၀ ကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့)ရပ်ကွက်၊ ၉၃ လမ်းနေ ဦးအောင်သန်း(မြို့နယ်သတင်းထောက်)-ဒေါ်အေးရီမိသားစုက လယ်တီဘဒ္ဒန္တ စန္ဒာဝရ(ဂန္ထဝါစက ဓမ္မကထိက) ပဓာန နာယက ဆရာတော်ထံ ဆက်ကပ် လှူဒါန်းရာ ဆရာတော်က အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။(၀၄)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၆

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဟံသာဝတီ ဂေါက်ကွင်းအနီး ဓမ္မဒူတ တောရရိပ်သာ၌ အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ ကိုယ်တိုင် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည် ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် စက်တင်ဘာ ၃၀ ရက်ညနေ အရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာ ဖုန်း - ၀၅၂၂၄၅၅၀၊ ၀၉၅၃၀၂၀၉၂၊ ၀၉၅၃၀၂၅၇၀၊ ကိုကျော်နိုင် (ပဲခူး) ဖုန်း- ၀၅၂၂၃၂၆၃၊ ၀၉၅၃၀၁၅၃၇ နှင့် ကိုကျော်ဆန်း ဖုန်း-၀၉ ၅၀၁၇၂၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၆

အထက(၅) ဗိုလ်တထောင်တွင် ၁၉၈၅ မှ ၁၉၉၇ အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဆရာကြီး၊ဆရာမကြီးများအား ဒီဇင်ဘာ ၄ ရက်တွင် ကျောင်းခန်းမ၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဒေါ်ကြူကြူဇင် ဖုန်း-၂၉၀၃၉၄၊ ဒေါ်ကြင်စီ ဖုန်း-၇၂၄၅၃၆၊ ဒေါ်စုစုဖေ ဖုန်း-၂၉၂၁၁၃၊ ရဲဝင်းအောင် ဖုန်း-၀၉ ၉၈၇၁၄၈၀၊ ၅၅၅၃၄၁၊ ၅၄၁၀၁၃၊ မျိုးဇော်ဝင်း ဖုန်း-၀၉၅၀၁၀၈၇၆၊ ၂၉၆၇၃၁၊ ရဲနန္ဒသိန်း ဖုန်း-၀၉၉၉၂၅၂၄၁၊ ဝတ်ရည်ကျော်မောင် ဖုန်း-၀၉ ၅၀၁၇၈၀၅၊ ၂၂၄၄၉၀၊ သူရထွန်း ဖုန်း-၂၂၁၄၁၉၊ ထွန်းအေး ဖုန်း-၀၉၅၀၁၀၄၉၇၊ ကျော်ဦး ဖုန်း-၀၉၅၁၆၇၀၇၀၊ ရွှေရည်ဝင်း ဖုန်း-၀၉၅၁၉၁၈၆၀၊ ဆွေဆွေထွန်း ဖုန်း- ၀၉ ၅၁၈၇၉၁၉၊ ၂၉၄၁၉၈၊ နိုင်လင်းသိုက် ဖုန်း-၀၉၅၁၀၆၇၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(က-ပ)

အလုံမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်းကို စောရန်ပိုင် အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ပညာဘဏ် စာကြည့်တိုက်၌ စက်တင်ဘာ ၁၃ ရက်က ကျင်းပသည်။

စာဖတ်ဝိုင်းတွင် အမျိုးသားညီလာခံကချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ သတင်းစာတွင် ဖော်ပြပါရှိသော အဓိက အချက် များအား ဦးစီးမှူး ဒေါ်ခင်မမက ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် တည်ထောင်သည့် (၁၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဝန်ထမ်း ၈၇ ဦးအတွက် ငွေကျပ် ၃၈၇၀၀၀ တန်ဖိုးရှိ တူညီဝတ်စုံများပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြား၍ အသင်းအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မြသိန်းက အမျိုးသားဝန်ထမ်းများ ကိုယ်စား မန်နေဂျာ ဦးတင်ထွန်းအား တူညီဝတ်စုံများ ပေးအပ်စဉ်။ (၀၈)

နှစ်ထပ်ဆွမ်းစားကျောင်းဆောင်အတွက် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၆

အင်းစိန်မြို့နယ် ပိန္နဲကုန်း ရပ်ကွက်၊ ရွာသစ် (၃)လမ်းရှိ သီဟဋ္ဌဒီပဘုန်းတော်ကြီးနှစ်ထပ် ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန်အတွက် စတုတ္ထအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၆ ရက်က အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသနှင့် မဟာဓမ္မာ စရိယ အရှင်သုမင်္ဂလ (ဝေါ) တို့ ရှေ့တွင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်ပဲ(၈)နှစ်ပြည့်အား ရည်စူး၍ အင်းစိန် ဈေးကုန်း အနောက်ရပ်ကွက် မာဃလမ်းနေ ဒေါ်သန်းနှစ် မိသားစုက စတုတ္ထအကြိမ်အဖြစ် အလှူငွေကျပ် ၁၀သိန်းကို အဆိုပါကျောင်းတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ)

အဆိုပါ အလှူရှင်မိသားစု၏ စုစုပေါင်း အလှူငွေမှာ ငွေကျပ် သိန်း ၃၀ လေးသောင်းရှိပြီး ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်း

နှစ်ထပ် ဆွမ်းစားကျောင်းဆောင် ဆောက်လုပ်ရန်အတွက် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ ဖုန်း-၆၄၄၃၁၅၊ ဒေါ်သန်းနှစ် ဖုန်း-၆၄၀၁၄၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၁)

စက်တင်ဘာ ၁၃ ရက်က လှိုင်မြို့နယ် (၅) ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း၌ အသစ်တည်ဆောက် လျက်ရှိသော သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် မြကန်သာ အိမ်ရာ (၅)ရပ်ကွက် လှိုင်မြို့နယ်မှ ဦးလင်း-ဒေါ်နှင်းရွှေ၊ သား ခိုင်ဇော်လင်း၊ သမီး ခိုင်ဝေလင်းလင်း(လင်း ကားပစ္စည်းအမျိုးမျိုး အရောင်းဆိုင်) ဘုရင့်နောင်ဈေးမိသားစုမှ နှစ်ဖက်သော ဘိုးဘွားမိဘများအား ရည်စူး၍ အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ဆွမ်းဆန်တော် ငါးအိတ်၊ ဆွမ်းပဒေသာပင် ကျပ် ၁၀၀၀၀ တို့ကို ဆရာတော် အရှင်ပဏ္ဍိစ္စ(ဩဝါဒါစရိယဆရာတော်)၏ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးဘဝင်း လက်ခံယူစဉ်။ (က-ပ)

စက်တင်ဘာ ၁၅ ရက်က မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝမ်းက သူငယ်တန်းမှ ပထမဆုရ မောင်ရှင်းသန်းအောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရောဝတီမြစ်ကျော် (လှိုင်သာယာ-အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၄၇) ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲစေရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ရောဝတီမြစ်ကျော် 230 KV (လှိုင်သာယာ – အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(အမှတ်–၂၊ လျှပ်စစ်)

ရန်ကုန် စက်တင်ဘာ ၁၆

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီး ရောဝတီမြစ်ကျော် 230KV (လှိုင်သာယာ–အသုတ်) မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၄၇) ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြစ်ရေစီးကြောင်း ပြောင်းလဲစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရောက်ရှိစဉ် တိုင်းမှူးနှင့်ဝန်ကြီးတို့အား တာဝါတိုင်အနီး ရှင်းလင်းခန်းမ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်နှင့် စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်တို့က တာဝါတိုင်အနီး မြစ်ရေတိုးမြင့်၍ ရေနက်စီးကြောင်း ပြောင်းလဲစီးဆင်းနေမှုအခြေအနေများ၊ မြစ်ကမ်းပါး မြေပြိုကျမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် သဲမွေ့ရာ(Sand Matress) ချခြင်းလုပ်ငန်းများ၊ မြစ်ကမ်းပါး ရေတိုက်စားမှုအရှိန် လျော့နည်းစေရန် ကိုင်းမွေ့ရာ (Willow Matress)ချခြင်းလုပ်ငန်းနှင့် ဝါးဖောင်ဖွဲ့၍ ရေပေါ်ရေကာငယ် ပြုလုပ်တားဆီးဆောင်ရွက်နေမှုနှင့် တာဝါတိုင်အနီး မြစ်ကမ်းပါး ထပ်မံမြေပြိုကျမှု မဖြစ်စေရေးအတွက် ရေရှည်ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမြင့်သိန်းက တာဝါတိုင်အမှတ်(၁၄၇)အနီး မြစ်ကမ်းပါး မြေအခြေအနေ၊ မြစ်ရေစီးနှုန်းအခြေအနေ၊ ရေနက်စီးကြောင်း ပြောင်းလဲလာမှု အခြေအနေများ၊ ရေရှည်ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ရောဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်ရေအခြေအနေထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ရောဝတီမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်များအရ မန္တလေးမြို့၌ ၁၂၂၈ စင်တီမီတာနှင့် စစ်ကိုင်းမြို့၌ ၁၁၂၄ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း မန္တလေးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၂၆၀နှင့် စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀ သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက် အရဟုမ္မလင်းမြို့၌ ၂၉၂၂ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၂စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀အောက်သို့ ကျဆင်းနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ပွဲချိန်အစအဆုံး ကြံ့ခိုင်မှုနှင့်သက်လုံမကျဘဲ အကောင်းဆုံးယှဉ်ပြိုင်နိုင်

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ပွဲမဝင်မီ အပြင်ကလေ့ကျင့် ဆိုသကဲ့သို့ ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးဆုံးသည့်အချိန်မှစတင်၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲရက် နီးကပ်လာသည်နှင့်အမျှ အသင်းလိုက်ညီညွတ်မှုရှိစေရန် အား/ကာသိပ္ပံမှ (ယူ-၁၄)ဘောလုံးအသင်း၊ (ယူ-၁၉) အမျိုးသမီးအသင်း၊ လက်ရွေးစင်ဟောင်းကြီးများအသင်းတို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် ကြံ့ခိုင်မှုရှိရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ရာတွင် ကုန်ခန်းသွားသည့်အားအင်များ ပြန်လည်ဖြည့်စွမ်းနိုင်ရေးအတွက် တာဝန်ရှိသူများက အင်အားဖြည့်အာဟာရများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ ယခုပြိုင်ပွဲ၌ ပွဲချိန်အစအဆုံး ကြံ့ခိုင်မှုနှင့် သက်လုံမကျဘဲ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကိုထွေး၏ "စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုကို ပရိသတ်အားပေးမှုနှင့်ပေါင်းစပ်၍ အနိုင်ယူအောင်ပွဲခံခဲ့သော ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်း" (ဆောင်းပါး) စာမျက်နှာ–၈၉